# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၀၁)၊ ၁၃၈၇ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၉ ရက် ၊ ၁၁–၃–၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

မျက်စိဖြင့်(အကုသိုလ် မဖြစ်အောင်)စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်အစိုးရ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေး မှာကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်အစိုးရ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေး မှာကြား

## နိုင်ငံ့အရေးကိုဆောင်ရွက်ရာ၌ လူငယ်များပါဝင်မှုကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံ၏အနာဂတ်ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရမည်

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်အစိုးရ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေး မှာကြားခြင်းအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး သဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ရမှု**

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားရာတွင် ယခုကဲ့သို့ တွေ့ဆုံခြင်းသည်

**စာမျက်နှာ ၃ သို့** ❖

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁၀**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဓလ**

၂၀၂၆ ခုနှစ်၊ မတ် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# EV နည်းပညာလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ပြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ် (Electric Vehicle - EV)ကဏ္ဍဖွံ့ဖြိုးရေးနှင့် EV နည်းပညာလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့ "ဟူသော အမျိုးသားရေးဆောင်ပုဒ်နှင့်အညီ မီးခိုးငွေ့များထုတ်လွှတ်သည့်ယာဉ်များသုံးစွဲမှုအစား EV သုံးစွဲမှုမှတစ်ဆင့် ရုပ်ကြွင်းလောင်စာအပေါ်မှီခိုရမှုနှင့် နိုင်ငံခြားငွေကုန်ကျစရိတ်များကို လျှော့ချနိုင်ရေး၊ လေထုနှင့် အသံညစ်ညမ်းမှုများလျှော့ချနိုင်ကာ ကျန်းမာရေးကောင်းမွန်မှုနှင့် အခြားဆုလာဘ်များကို ပြည်သူများ ရရှိခံစားနိုင်စေရေးအတွက် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီက EV ကဏ္ဍဖွံ့ဖြိုးရေးအတွက် ၂၀၅၀ ပြည့်နှစ်အထိ လမ်းပြမြေပုံနှင့် မူဝါဒချမှတ်ကာ လုပ်ငန်းကော်မတီ ၅ ခုတို့က ညွှန်ကြားချက်များအတိုင်း တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊

ပြည်သူများ EV သုံးစွဲမှုသိသာစွာ တစ်ရှိန်ထိုးမြင့်တက်လာရာဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းပြည့်သုံးစွဲနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းပညာအရည်အသွေးပြည့်ဝရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ပြုပြင်နိုင်ရန်တို့သည် အရေးကြီးလျက်ရှိကြောင်း၊ သို့ဖြစ်၍ သင်တန်းသားများသည် ပြည်သူများအတွက် အမှန်တကယ်အကျိုးပြုနိုင်မည့် EV Mechanics များဖြစ်စေရေး သင်တန်းကာလအတွင်း စိတ်ရောကိုယ်ပါ နှစ်မြှုပ်ကာ ကျားကုတ်ကျားခဲကြိုးပမ်းလေ့ကျင့်ကြရန် လိုအပ်ကြောင်း လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက မတ် ၉ ရက် နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ၌ Hybrid စနစ်ဖြင့် ကျင်းပသည့် EV Mechanics သင်တန်း (၁/၂၀၂၆) ဖွင့်ပွဲ၌ တိုက်တွန်းမှာကြားသည်။

သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ EV ကုမ္ပဏီများနှင့် ကားဝပ်ရှော့များမှ သင်တန်းသား ၁၇ ဦး၊ ပြည်သူ့သုံးဦးနှင့်ဌာနဆိုင်ရာသင်တန်းသားငါးဦး တက်ရောက်လျက်ရှိသည်။

သင်တန်းတွင် ကွန်ပျူတာနှင့် အဆင့်မြင့်သင်ထောက်ကူမော်ကျူးများ အသုံးပြုကာ EV Mechanics တစ်ဦး မဖြစ်မနေကျွမ်းကျင်တတ်မြောက်ရမည့် နည်းပညာများဆိုင်ရာ လက်တွေ့လုပ်ငန်းများကို သင်တန်းကာလငါးရက်ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းကော်မတီသည် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)နှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ် (ဘယ်လင်း)တို့တွင်လည်း စံနှုန်းများ ပြည့်မီစွာ သတ်မှတ်သင်တန်းချိန်များအတိုင်း ဖွင့်လှစ်လျက်ရှိရာ EV Training of Trainers သင်တန်းချိန်နာရီ ၁၈၀၊ EV Maintenance သင်တန်းချိန် နာရီ ၉၀၊ EV နည်းပညာဆင့်ပွားသင်တန်းချိန် နာရီ ၆၀၊ EV Mechanics သင်တန်းချိန် နာရီ ၃၀၊ EV Inspection သင်တန်းချိန် ၂၄ နာရီ၊ EV Diagnostics သင်တန်းချိန် ၁၈ နာရီ တို့အပြင် ပြည်သူများအတွက် EV နည်းပညာလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် သင်တန်းသား၏ တက်ရောက်နိုင်မှုနှင့် တက်ရောက်လိုသည့် နည်းပညာတို့အပေါ် မူတည်၍ စိတ်ကြိုက်သင်တန်းများကိုပါ စဉ်ဆက်မပြတ် တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# ယခုနှစ်နွေစပါးစိုက်ပျိုးရာသီတွင် စိုက်ဧက ၂၅၀၀၀ ကျော်လျာထား စိုက်ပျိုးလျက်ရှိရာ လက်ရှိအချိန်တွင် ဧက ၁၀၀၀၀ နီးပါးစိုက်ပျိုးပြီးစီး



**မတ္တရာ မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မတ္တရာမြို့နယ်၌ ယခုနှစ်နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးစိုက်ဧက ၂၅၀၀၀ ကျော် လျာထား စိုက်ပျိုးလျက်ရှိရာ လက်ရှိအချိန်တွင် ဧက ၁၀၀၀၀ နီးပါးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဒေသတွင်း ဝမ်းစာဖူလုံစေရေးနှင့် ပိုလျှံသည့် စပါးများကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တင်ပို့ရောင်းချနိုင်ရန်အတွက်၊ နွေစပါးများကို စိုက်ပျိုးလျက်ရှိရာ မတ္တရာမြို့နယ်အတွင်း၌ နွေစပါး ၂၅၈၅၂ ဧကကိုလျာထားစိုက်ပျိုးနေပြီး ယခုလက်ရှိ အချိန်တွင် ဧက ၁၀၀၀၀ နီးပါး စိုက်ပျိုးပြီးစီးပြီဖြစ်ကာ ကျန်ရှိသည့်စိုက်ဧကများကိုလည်း ဧပြီလတွင် အပြီးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြတ်သီတာက ပြောသည်။

အဆိုပါ မတ္တရာမြို့နယ်တွင် နွေစပါးစိုက်ပျိုးသည့် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ မျိုးလိုအပ်ပါက မျိုးကောင်းမျိုးသန့်များ ရရှိစေရန် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိခြင်း၊ စိုက်နည်းစနစ်မှန်ကန်စေရေးအတွက်လည်း ပညာပေးဆောင်ရွက်ခြင်း၊ စိုက်ပျိုးထားသည့်သီးနှံများ အာဟာရဓာတ်ပြည့်ဝစွာအချိုးညီညီအသုံးပြုနိုင်ရေး၊ ပိုးသတ်ဆေးများသုံးစွဲနည်းပညာပေးဆောင်ရွက်ခြင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများကို မျိုးစေ့များ၊ သွင်းအားစုများထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းတို့အပြင် သဘာဝမြေသြဇာ ပြုလုပ်ရာတွင် လိုအပ်သည့် ကုန်ကြမ်းများကိုလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ လမ်း ၉၀၊ ၂၉ လမ်းနှင့် လမ်း ၃၀ကြား၊ ကျောက်ဆစ်မီးသတ်အနီးနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက် ၁၂၁ လမ်း၊ ၅၂ လမ်းနှင့် ၅၃ လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ မတ် ၁၁ ရက်တွင်မဟာအောင်မြေမြို့နယ်၊ သံလျက်မော်ရပ်ကွက်၊ ၄၁ လမ်းနှင့် လမ်း၉၀ ထောင့်၊ သင်္ဂဇာချောင်းအနောက်ဘက်နှင့် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊လမ်းငါးခွ၊ စစ်-မန်းလမ်း အရှေ့ဘက် ၁၁၈ (A)လမ်းတို့တွင် လည်းကောင်း၊ မတ် ၁၂ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊၄၅ လမ်းနှင့် ၄၆လမ်းကြား၊ လမ်းလျှောက်ကစားကွင်းတွင်လည်းကောင်း၊



မတ် ၁၃ ရက်တွင်ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုမွှာရုံ၊ အ·ထ·က (၁)အနောက်ဘက်တို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

# မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများစစ်ဆေး



**မန္တလေး မတ် ၁၀**

ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရပ်ကွက်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် တစ်အိမ်တက်ဆင်းမီးသုံးစွဲမှု စစ်ဆေးခြင်းကို ယနေ့ နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်သီရိဟေမာအနောက်ရပ်ကွက်တွင် ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာဦးစီးသော ရာအိမ်မှူးများ၊ သီရိဟေမာအနောက်ရပ်ကွက် အရန်မီးသတ်စခန်း တာဝန်ခံ ဒုတိယတပ်ခွဲမှူး ဦးသိန်းဦးနှင့်တပ်ဖွဲ့ဝင်များက အကွက်( ၂၃၀၊ ၂၃၁) အတွင်း မီးဖိုမီးများ၊ လျှပ်စစ်မီးသုံးစွဲမှုများ စနစ်တကျသုံးစွဲမှုရှိ၊ မရှိစစ်ဆေးခြင်း၊ လျှပ်စစ်ဝါယာကြိုးများ ကောင်းမွန်မှုရှိ၊ မရှိစစ်ဆေးခြင်း၊ စားသောက်ကုန်လုပ်ငန်းလုပ်ကိုင်သူများ၊ စားသောက်ဆိုင်များတွင် မီးသတ်ဆေးဘူးထားရှိမှု ရှိ၊ မရှိနှင့် ကောင်းမွန်မှု ရှိ၊ မရှိတို့ကိုစစ်ဆေးကြပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်ရှောင်ရန် အချက်များကို ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ မီးစစ်ဆေးခြင်းကို သီရိဟေမာအနောက်ရပ်ကွက်အတွင်း၌ စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၄၁)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❖ ရှေ့ဖုံးမှ

မိမိတို့အစိုးရ၏ ဖြတ်သန်းလာခဲ့သည့် ၅ နှစ်တာကာလအတွင်း မိမိတို့အစိုးရအဖွဲ့၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ရန်နှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကိုသုံးသပ်ရန်တွေ့ဆုံပြောကြားခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံရေး တိုးတက်မှုရှိစေရေးအတွက် ယခင်က ယေဘုယျအားဖြင့် နိုင်ငံတွင်ကျင့်သုံးသည့် စနစ်များအလိုက် အစိုးရများနှင့် နိုင်ငံရေးပါတီများက ဆောင်ရွက်ကြကြောင်း၊ ယခုခေတ်ကာလတွင် အစိုးရနှင့်ပါတီများသာမက ပြည်တွင်း၌ ဖွဲ့စည်းထားသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ (NGO၊ INGO) များကပါ ပါဝင်ဆောင်ရွက်ကြသည်ကို တွေ့ရကြောင်း။

မိမိတို့ နိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးစကာလမှစတင်၍ ခေတ်အဆက်ဆက်တွင် အစိုးရအဖွဲ့အမျိုးမျိုး၊ နိုင်ငံရေးစနစ်အမျိုးမျိုးဖြင့် ပြောင်းလဲကျင့်သုံးခဲ့ပြီး ၂၀၁၁ ခုနှစ်မှ စတင်၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့ကြောင်း၊ အစိုးရ၊ လွှတ်တော်ဖြင့် နိုင်ငံကိုဦးဆောင်ခဲ့ကြောင်း၊ သို့သော် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုရလဒ်များ ဖြစ်ပေါ်ခဲ့ပြီး ၎င်းတို့အနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းမှုမရှိဘဲ မဲမသမာမှုရလဒ်များဖြင့် ထွက်ပေါ်လာသည့် ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန် ကြိုးပမ်းခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကိုတာဝန်ယူဆောင်ရွက်ရခြင်း ဖြစ်သဖြင့် အစိုးရအဖွဲ့ကို ဖွဲ့စည်းရာတွင် ဒီမိုကရေစီစနစ်နှင့် ကိုက်ညီမှုရှိစေရေး တပ်မတော်သားများဖြင့်သာ သီးခြားဖွဲ့စည်းခြင်းမဟုတ်ဘဲ နိုင်ငံ့အကျိုးကို ဆောင်ရွက်နိုင်ပြီး အတွေ့အကြုံရှိသည့် အရပ်သားများကိုပါ ထည့်သွင်းဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကိုချမှတ်ဆောင်ရွက်ခဲ့ပြီး ထိုအထဲတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များပြီးဆုံးပါက ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်မည်ဟု ပါရှိပြီးဖြစ်ကြောင်း၊ သို့သော် မိမိတို့ တာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် နိုင်ငံတစ်ဝန်း ဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်မှုများအထိ ဖြစ်ပေါ်ခဲ့ပြီး တစ်ချိန်တည်းတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် အချိန်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အခက်အခဲအကျပ်အတည်း အမျိုးမျိုးကြားမှ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း။

**လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ခဲ့မှု**

မိမိတို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာဖြင့် ရရှိနိုင်ရေးအတွက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကောက်ယူခဲ့ကြောင်း၊ အလားတူ မြန်မာအီလက်ထရောနစ်မဲပေးစနစ်(MEVM)များဖြင့် ဆန္ဒမဲများပေးနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၂၅ ခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်မည်ဟု မိမိအနေဖြင့် ၂၀၂၄ ခုနှစ်တွင် မိတ္ထီလာမြို့ ခရီးစဉ်အတွင်း ပြည်သူလူထုနှင့်တွေ့ဆုံစဉ် စတင်ပြောကြားခဲ့ကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့်ကို ၂၀၂၃ ခုနှစ်တွင် စတင်ခွင့်ပြုဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံရေးပါတီများအနေဖြင့် ပြင်ဆင်ချိန် ၃ နှစ်ခန့်အထိ ရရှိခဲ့ကြောင်း၊ ပါတီဝင်ဦးရေတိုးပွားရေးအတွက်လည်း ပါတီဝင်စည်းရုံးရေးလုပ်ငန်းများကို



❑ **ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ပြည်သူများက ရွေးချယ်ပေးခဲ့သည့် ရွေးကောက်ခံကိုယ်စားလှယ်များ ပေါ်ထွက်လာပြီဖြစ်ခြင်းကြောင့် ယခုမတ်လထဲတွင် လွှတ်တော်အစည်းအဝေးများကို ကျင်းပခြင်းနှင့်အတူ၊ ဧပြီလတွင် ထွက်ပေါ်လာမည့် အစိုးရကို နိုင်ငံတော်အာဏာထမ်းဆောင်နိုင်ရန် လွှဲပြောင်းပေးနိုင်တော့မည်**

စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုပေးထားခဲ့ကြောင်း၊ ပါတီဝင်ဦးရေပိုမိုရရှိအောင် စည်းရုံးခြင်းသည် ပြည်သူလူထုကိုစည်းရုံးခြင်းပင်ဖြစ်ပြီး ပြည်သူကို တစ်စိတ်တစ်ပိုင်းစည်းရုံးခွင့်ရခြင်းပင်ဖြစ်ကြောင်း၊ ပါတီဝင်အင်အားများလာပါက ထောက်ခံသူ များပြားလာမည်ဖြစ်ပြီး ပါတီဝင်များစုဆောင်းခွင့်နှင့် မဲဆွယ်စည်းရုံးခြင်း လုပ်ငန်းစဉ်များကိုလည်း နည်းလမ်းတကျ ခွင့်ပြုပေးထားခဲ့ကြောင်း၊ သို့သော်လည်း အချို့ပါတီများအနေဖြင့် ပေးထားသည့်အခွင့်အလမ်းများကို ထိရောက်စွာအသုံးချနိုင်မှု မရှိခဲ့သည်ကို တွေ့ရှိရပြီး ပြည်သူများနှင့် ပိုမိုထိတွေ့သည့်ပါတီများမှ ပြည်သူ့ထောက်ခံမဲများ ပိုမိုရရှိခဲ့သည်ကို တွေ့ရကြောင်း၊ ရွေးကောက်ပွဲ၌ တစ်နိုင်ငံလုံးကိုယ်စားပြုပါဝင် ယှဉ်ပြိုင်သည့်ပါတီ (၆) ပါတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကိုယ်စားပြုယှဉ်ပြိုင်သည့်ပါတီ (၅၁)ပါတီ၊ စုစုပေါင်းနိုင်ငံရေးပါတီ (၅၇)ပါတီပါဝင်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများ တည်ထောင်၍ ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်စေခြင်းဖြင့် ဒီမိုကရေစီနိုင်ငံရေးစနစ်ကို ပိုမိုခိုင်မာစေခဲ့ကြောင်း။

ကျင်းပပြီးစီးခဲ့တဲ့ ရွေးကောက်ပွဲအပိုင်း (၃) ပိုင်းစလုံးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းကျော်အနက် မဲပေးခဲ့သည့်အရေအတွက်မှာ ၁၃ ဒသမ ၁၄ သန်းကျော် ရှိခဲ့ကြောင်း၊ ထို့ကြောင့် မဲပေးမှုရာခိုင်နှုန်းအနေဖြင့် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ မဲပေးခဲ့သည့် အရေအတွက်ကို ခွဲခြားလေ့လာကြည့်မည်ဆိုပါက အသက် ၁၈ နှစ်နှင့် ၄၀ နှစ်ကြားတွင် ၄၅ ရာခိုင်နှုန်း၊ အသက် ၄၀ မှ ၅၀ နှစ်အကြားတွင် ၂၀ ရာခိုင်နှုန်း ပါဝင်နေသည်ကို တွေ့ရှိရသည့်အတွက် လူငယ်အုပ်စုများအနေဖြင့် ကျင်းပခဲ့သည့်ရွေးကောက်ပွဲကို စိတ်ဝင်စားမှုရှိစွာဖြင့် အများဆုံးပါဝင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ရွေးကောက်ပွဲ၌ နိုင်ငံတကာမှရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ မီဒီယာများ လာရောက်လေ့လာခြင်း၊ သတင်းရယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ပွဲမစတင်မီ မမှန်မကန်စွပ်စွဲချက်များရှိသော်လည်း ရွေးကောက်ပွဲကာလနှင့်ရွေးကောက်ပွဲအပြီး၌ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအား နိုင်ငံတကာအသိုင်းအဝိုင်းက မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ရသဖြင့် မဟုတ်မမှန်စွပ်စွဲချက်များ တိတ်ဆိတ်သွားကြောင်း၊ ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ပြည်သူများက ရွေးချယ်ပေးခဲ့သည့် ရွေးကောက်ခံကိုယ်စားလှယ်များ ပေါ်ထွက်လာပြီဖြစ်ခြင်းကြောင့် ယခုမတ်လထဲတွင် လွှတ်တော်အစည်းအဝေးများကို ကျင်းပခြင်းနှင့်အတူ၊ ဧပြီလတွင် ထွက်ပေါ်လာမည့် အစိုးရကို နိုင်ငံတော်အာဏာ ထမ်းဆောင်နိုင်ရန် လွှဲပြောင်းပေးနိုင်တော့မည်ဖြစ်ကြောင်း။

**ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရေး ဆွေးနွေးဆောင်ရွက်ခဲ့မှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု**

ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မဖြစ်မနေ တိုးတက်မှုရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူလူထုအကျိုးကိုရှေးရှု၍ ဖြစ်ချင်သည်ထက် ဖြစ်သင့်သည်ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိပြီး ငြိမ်းချမ်းရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက်လည်း ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၈၉)ကြိမ်၊ NCA လက်မှတ် ရေးထိုးထားခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၂၅)ကြိမ်၊ နိုင်ငံရေးပါတီများနှင့်(၂၂)ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်များနှင့် (၁၃)ကြိမ်၊ စုစုပေါင်း (၁၄၉) ကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြောင်း။

ထိုကဲ့သို့ ဆွေးနွေးသည့်နေရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးကိစ္စရပ်များ၊ ဒေသနှင့်တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်သော ဖြစ်သင့်ဖြစ်ထိုက်သည့်အချက်များကို အကျေအလည်ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ဆွေးနွေးနိုင်ခဲ့သည့်အချက်များကို လာမည့်လွှတ်တော်တွင် ဆွေးနွေးသွားမည်ဖြစ်ပြီး လွှတ်တော်၏ဆုံးဖြတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အခြေခံဥပဒေများနှင့်ပတ်သက်၍ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၌လည်း ပြင်ဆင်နေကြသည့် အခြေအနေများရှိနေကြကြောင်း၊ လက်ရှိ အခြေခံဥပဒေသည် ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံမှ စတင်အခြေပြုရေးဆွဲခဲ့ခြင်းဖြစ်၍ ယခုခေတ်စနစ်နှင့်အညီ ပြုပြင်ရန်များ ရှိနိုင်ကြောင်း၊ အခြေခံဥပဒေသည် ခိုင်မာမှုရှိပါက ပိုမိုကောင်းမွန်သဖြင့် ဥပဒေရေးဆွဲရာတွင် အရှည်မြော်တွေးပြီး ဘက်ပေါင်းစုံမှ စဉ်းစားရေးဆွဲရန်လိုကြောင်း၊ အခြားအဓိကကျသည့် ဥပဒေများရေးဆွဲရာတွင်လည်း ၎င်းအချက်သည် အရေးပါကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အမျိုးသားအဆင့်အားလုံးပါဝင်သည့် အခင်းအကျင်းတစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် ငြိမ်းချမ်းရေးစကားဝိုင်း၊ ငြိမ်းချမ်းရေးကို အထောက်အကူပြုသည့် နည်းဗျူဟာများ ဖော်ထုတ်နိုင်ရေးအတွက် ငြိမ်းချမ်းရေးဖိုရမ်နှင့် နိုင်ငံတစ်ဝန်းတွင်ရှိသည့်လူငယ်များ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် စိတ်ပါဝင်စားမှုရှိလာစေရေးအတွက် လူငယ်ငြိမ်းချမ်းရေးဖိုရမ်များကိုလည်း ကျင်းပပေးခဲ့ကြောင်း၊ အဆိုပါဖိုရမ်များမှ ရရှိသည့် ဆွေးနွေးချက်များသည် ငြိမ်းချမ်းရေးနှင့် အခြေခံဥပဒေပြင်ဆင်ရေးအတွက်များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ နိုင်ငံ့အရေးကိုဆောင်ရွက်ရာ၌ လူငယ်များပါဝင်မှုကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံ၏ အနာဂတ်ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအဖွဲ့ တာဝန်ယူစဉ်ကာလအတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းဖြစ်သည့် မီဒီယာကဏ္ဍ အားကောင်းစေရေးအတွက်လည်း အားပေးဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံပိုင်မီဒီယာအပြင် အခြားမီဒီယာများကိုလည်း အဆင့်မြှင့်တင်ပြီး ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာအပါအဝင် အခြားထောက်ပံ့မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့အပြင် မီဒီယာနှင့် စာနယ်ဇင်းသမားများအပါအဝင် ရုပ်ရှင်၊ ဂီတ၊ သဘင်တို့မှ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိနေသည့် လူပုဂ္ဂိုလ်၊ အသင်းအဖွဲ့အသီးသီးတို့အတွက်လည်း လိုအပ်သည့်ကူညီထောက်ပံ့ပေးမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း။

အနုပညာရှင်များအနေဖြင့် ယခုကျင်းပပြုလုပ်ပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း ပါဝင်အားဖြည့်ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အနုပညာရပ်များ ရေရှည်တည်တံ့နိုင်စေရေးအတွက် နယ်ပယ်အသီးသီးမှ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် ဆုတံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးခဲ့ကြောင်း၊ အနုပညာနယ်ပယ်အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများ ခိုင်မာအားကောင်းစေရန် ရည်ရွယ်၍ မိမိတို့အနေဖြင့် အားပေးချီးမြှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအားများအနေဖြင့် မိမိတို့ဆောင်ရွက်ခဲ့သည်များကို သုံးသပ်ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ထိုအပေါ်တွင် သင်ခန်းစာယူသုံးသပ်၍ နောင်လာမည့်အစိုးရအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးသွားရန် လိုကြောင်း။

**နိုင်ငံ့စီးပွားတိုးတက်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းနှင့် MSME လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့မှု**

စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းကို အခြေခံ၍ နိုင်ငံ့စီးပွားရေးတိုးတက်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး ၅၀ ရာခိုင်နှုန်းကျော်သည် လယ်ယာသားငါးကဏ္ဍကို ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ မြို့ပြတွင်နေထိုင်သူ ၃၀ ရာခိုင်နှုန်း၌ပင် ၎င်းကဏ္ဍနှင့် စီးပွားရေးဆောင်ရွက်နေသည်များ ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-base Industries) ကို ဆောင်ရွက်ရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဒေသတွင်း နိုင်ငံများတွင်လည်းစိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်ကဏ္ဍကို အဓိကဆောင်ရွက်ကြပြီး *စာမျက်နှာ ၄ သို့*

**" မိမိတို့အစိုးရအနေဖြင့် တာဝန်ထမ်းဆောင်ချိန်များအတွင်း ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံနှင့် ကာဇက်စတန်နိုင်ငံများသို့ ခရီးစဉ်များသွားရောက်ခဲ့ပြီး နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မိမိတို့နိုင်ငံ၏အကျိုးစီးပွားများကို ပိုမိုမြင့်တင်နိုင်ရေး အလေးထားဆောင်ရွက်ခဲ့ "**

*စာမျက်နှာ ၃ မှ*

စက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပပို့ကုန်များရရှိအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်စကေပန်းတိုင်ရည်မှန်းချက်များအတိုင်း ပြည့်မီအောင်စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေး အသိပညာနှင့် အတတ်ပညာများ တတ်ကျွမ်းသည့် လူသားအရင်းအမြစ်များနှင့် သွင်းအားစုများ လိုအပ်ကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ အခြေခံပညာအထက်တန်းကျောင်းများတွင်လည်း စက်မှု၊ စိုက်ပျိုး မွေးမြူရေးနှင့်ပတ်သက်သည့်အခြေခံ အသိပညာများကိုလည်း သင်ကြားပေးလျက်ရှိပြီး လာမည့်ပညာသင်နှစ်တွင် အလယ်တန်းအဆင့်၌ပါ သင်ကြားပေး၍ နိုင်ငံ၏အဓိကစီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့်ကဏ္ဍ၌ အားကောင်းလာစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ခရိုင်များအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သည့် နိုင်ငံများ၌ပင် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍသည် အရေးပါလျက်ရှိပြီး ၎င်းကဏ္ဍကိုအခြေခံ၍ အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နေသည်ကို တွေ့ရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များမှာ အခြားနိုင်ငံများထက် နည်းပါးနေခြင်းကြောင့် ပြည်ပပို့ကုန်များ နည်းပါးနေခြင်းဖြစ်ကြောင်း၊ ထိုသို့ ပြည်ပပို့ကုန်နည်းပါးခြင်းကြောင့် နိုင်ငံခြားဝင်ငွေများနည်းပါးနေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံခြားပို့ကုန်များ ပိုမိုတင်ပို့နိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် အဆင့်မြင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံ၏ GDP များ တိုးတက်လာမည်ဖြစ်ကြောင်း။

ယခင်ဒီမိုကရေစီ အစိုးရသက်တမ်း နှစ်ခုတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံခန့်ရှိခဲ့ပြီး ယင်းကို သင်ခန်းစာရယူ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုမြှင့်တင်ကာ ပြည်ပပို့ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများအား ကြိုးပမ်းမြှင့်တင်မှုမရှိဘဲ ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရည်မှန်းချက်ဖော်ဆောင်နိုင်မည် မဟုတ်ကြောင်း၊ နိုင်ငံသားတိုင်းတစ်ဦးချင်း အမှန်တကယ်အလုပ်လုပ်မှသာလျှင် တစ်ဦးချင်းဝင်ငွေများ တိုးတက်လာပြီး နိုင်ငံ့ဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသအလိုက်နေထိုင်သည့် လူဦးရေနှင့်ကိုက်ညီသည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများရှိမှသာ ဒေသဝမ်းစာဖူလုံမှုကိုဖြစ်စေနိုင်မည်ဖြစ်ပြီး အခြေခံစားကုန်များ၏ ဈေးနှုန်းများသည်လည်း ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းတွင်ရှိနေစေမည်ဖြစ်ကြောင်း၊ ဒေသတွင်းလိုအပ်ချက်နှင့် ထုတ်လုပ်နိုင်မှုများ ကိုက်ညီမှုမရှိခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များကြီးမြင့်ခြင်းတို့ကြောင့်သာ အချို့ဒေသများ၌ ကုန်ဈေးနှုန်းများ ကြီးမြင့်နေခြင်းဖြစ်ကြောင်း၊ ဒေသတွင်းထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံပြီးထုတ်လုပ်သည့် တိရစ္ဆာန်အစာများဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများ အားပေးနိုင်ရန်၊ သွင်းကုန်အစားထိုးနိုင်ရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အသေးစား၊ အငယ်စား၊ အလတ်စား MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် MSME လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်တွင်းထုတ်ကုန်များ တိုးတက်လာပြီး ပြည်ပသွင်းကုန်များကို များစွာအစားထိုးနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါတွင် အစိုးရအားပေးမှုနှင့်အတူ MSME လုပ်ငန်းများအနေဖြင့် ယခင်နှင့်မတူအောင် ဖွံ့ဖြိုးတိုးတက်မှုရရှိနေပြီဖြစ်ပြီး ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌လည်း MSME လုပ်ငန်းများကို ယခုထက်ပိုမိုအားပေးဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ MSME လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်း (Agro-base Industries)တွင် MSME ကုန်ထုတ်လုပ်ငန်းသည် မဖြစ်မနေလိုအပ်ပြီး MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်သည်ဖြစ်သဖြင့် လုပ်ငန်းလိုအပ်ချက်များအပေါ် နည်းလမ်းရှာဖွေကျော်ဖြတ်၍ အောင်မြင်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

**သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာစေရေး ဆောင်ရွက်ခဲ့မှု**

ပို့ဆောင်ရေးနှင့်ပတ်သက်၍ မိမိအနေဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ် Public Transportation ကို ပိုမိုအားပေးဆောင်ရွက်ခဲ့ကြောင်း၊ တိုးတက်လျက်ရှိသည့် နိုင်ငံများတွင်လည်း မီးရထားအပါအဝင် အများပြည်သူသုံး သယ်ယူပို့ဆောင်သည့်လုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြကြောင်း၊ မိမိတို့အစိုးရတာဝန်ယူစဉ်ကာလအတွင်း ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေချောမွေ့စွာခရီးသွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်စွာဖြင့် ဆောင်ရွက်နိုင်ရေးဆောင်ရွက်ပေးလျက်ရှိပြီး ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့်မီးရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ရန်ကုန် - မန္တလေး ရထားလမ်း အဆင့်မြှင့်တင်မှုအား မိမိတို့ အစိုးရလက်ထက်တွင် နိုင်ငံတော်ဘတ်ဂျက်များဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရထားလမ်းပြေးဆွဲမှုများ ပိုမိုတိုးတက်ကောင်းမွန်လာပြီး မီးရထားများ၏ အမြန်နှုန်းကို ကီလိုမီတာ ၁၀၀ အထိ မောင်းနှင်ပြေးဆွဲနိုင်ပြီဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတကာလေကြောင်းခရီးစဉ်များမှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးအတွက် ပုသိမ်၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ ညောင်ဦး၊ ထားဝယ်၊ မြိတ်လေဆိပ်တို့ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်စတင်ထမ်းဆောင်ချိန်တွင် EV ကားများ အသုံးပြုရန်အတွက် တိုက်တွန်းခဲ့သကဲ့သို့ လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ခဲ့ကြောင်း၊ ယခုဖြစ်ပေါ်နေသည့် နိုင်ငံတကာအရေးအခင်းများကြောင့် ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံ၌လည်း လောင်စာဆီများ အခက်အခဲဖြစ်ပေါ်လျက်ရှိချိန်တွင် လျှပ်စစ်စွမ်းအင်သုံး သယ်ယူပို့ဆောင်ရေးယာဉ်များ၏ အခန်းကဏ္ဍသည် မြင့်တက်လာနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ လောင်စာဆီအခက်အခဲများကြောင့် မိမိတို့အနေဖြင့် မလိုလားအပ်ဘဲ လောင်စာဆီသုံးစွဲနေမှုများအား အတတ်နိုင်ဆုံး လျှော့ချနိုင်ရေး အခြားနိုင်ငံများနည်းတူ နည်းလမ်းရှာ၍ ဆောင်ရွက်လျက်ရှိပြီး တာဝန်ရှိသူများမှ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

**ပညာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ခဲ့မှု**

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပညာရေးသည် မရှိမဖြစ်လိုအပ်သည့် "အခြေခံအုတ်မြစ်တစ်ခု" ဖြစ်ပြီး ပိုမိုကောင်းမွန်ခိုင်မာသည့် လူနေမှုစနစ်ကို ပညာရေးဖြင့် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးအဆင့် မြှင့်တင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၏ သွင်ပြင်လက္ခဏာများ ကောင်းမွန်စေရေး၊ စာကြည့်တိုက်များ၊ သုတေသနဌာနများ၊ အားကစားခန်းမများအပြင် အခြားသော အခြေခံအဆောက်အဦများ၊ သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများ ပြည့်စုံကောင်းမွန်စေရေးတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်မှ ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များနှင့် ကျောင်းများအလိုက်မှလည်း စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အတွက် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ အရည်အသွေးကို မြှင့်တင်ပေးခဲ့ကြောင်း၊ အထူးသဖြင့် နေပြည်တော်တွင် Napyitaw State Academy နှင့် Napyitaw State Polytechnic University တို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ၄ ခု၌လည်း Polytechnic University များကို ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ ဖြတ်သန်းခဲ့သည့်သမိုင်းကြောင်းအဆက်ဆက်ကို ပြန်ကြည့်မည်ဆိုပါက ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များစွာရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဘုရင်စနစ်ကျင့်သုံးခဲ့သည့် အချိန်ကာလများတွင် မိမိတို့အနေဖြင့် အတတ်ပညာ၊ စာပေ၊ အနုသုခုမနှင့် ယဉ်ကျေးမှုတို့၌ အဆင့်အတန်းမြင့်မားခဲ့ကြောင်း၊ သို့သော်လည်း အချင်းချင်းညီညွတ်မှုတမှုအားနည်းပြီး အပြန်အလှန်တိုက်ခိုက်နေကြသောကြောင့် စာပေပညာနှင့် အတတ်ပညာများကို လက်ဆင့်ကမ်းနိုင်မှုအားနည်းခဲ့ကြခြင်းဖြစ်ကြောင်း၊ ကိုလိုနီခေတ်တွင် ပညာရေးဖိနှိပ်ခံရမှုများရှိခဲ့သကဲ့သို့ လွတ်လပ်ရေးရရှိပြီးချိန်မှ စတင်၍ ပြည်တွင်းမငြိမ်မသက်မှုများကြောင့် ပညာရေးအားနည်းမှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင်လည်းအချို့ဆူပူမှုဖြစ်ပေါ်ပြီး တည်ငြိမ်မှုမရှိသည့်ဒေသများတွင် ပညာရေးကို ပိုမိုထိခိုက်စေသည်ကိုတွေ့ရကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ငြိမ်းချမ်းမှုမရှိပါက နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရန် များစွာအခက်အခဲရှိနေဦးမည်ဖြစ်သဖြင့် ငြိမ်းချမ်းရေးကို မဖြစ်မနေဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် လိုက်လျောမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း လက်နက်ကိုင် အဖွဲ့များအနေဖြင့် ဒေသနှင့် နိုင်ငံတော်အကျိုးကို သာဦးတည်၍ ဖြစ်နိုင်သည်များကိုသာ တောင်းဆိုသွားကြရန်လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ကျောင်းမနေနိုင်သည့် အရွယ်များကို ကျောင်းပြင်ပပညာရေးဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့်သူများအနေဖြင့် အဆိုပါစာကြည့်တိုက်များ၊ စာအုပ်စာပေများ၊ ဆောင်းပါးများမှတစ်ဆင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အသိပညာဗဟုသုတများ ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ စာပေဗဟုသုတများ၊ ဆောင်းပါးများကို ရေးသားဖော်ပြကြရာတွင်လည်း အများပြည်သူများ လက်လှမ်းမီစွာဖြင့် လွယ်ကူရှင်းလင်းစွာ သိမြင်နိုင်မည့်အသုံးအနှုန်းများဖြင့် ရေးသားဖော်ပြကြရန်လိုကြောင်း။

**ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ခဲ့မှု**

ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းရပ်များကို ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းအနေဖြင့် ယခင်နှစ်များထက် တိုးမြင့်လာခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများအနက် အနိမ့်ဆုံးဖြစ်နေသည့်အတွက် ဆက်လက်မြှင့်တင်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး လူနေမှုစနစ်ကို မြှင့်တင်ပေးရမည်၊ ကျန်းမာရေးနှင့် ညီညွတ်မျှတပြီး အာဟာရပြည့်ဝစွာစားသုံးနိုင်ရမည်၊ အသိပညာမြင့်မားစေရေး ကျောင်းပညာရေးကို လူတိုင်းသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ နိုင်ငံသားများ၏ မျှော်မှန်းသက်တမ်း တိုးမြင့်လာစေရေးအတွက် အစိုးရအနေဖြင့်တာဝန်ရှိပြီး ဘက်ပေါင်းစုံမှစဉ်းစား၍ မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ကျန်းမာရေးသည် တိုင်းပြည်၏အသက်ပင်ဖြစ်ပြီး ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများ တိုးတက်စေရေး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက စနစ်တကျဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်း။

**နိုင်ငံတကာဆက်ဆံရေးဆောင်ရွက်ခဲ့မှု**

နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် လွတ်လပ်ပြီးတက်ကြွသော ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူ(၅) ချက်နှင့်အညီ စောင့်ထိန်းလိုက်နာ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တာဝန်ထမ်းဆောင်ချိန်များအတွင်း ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံနှင့် ကာဇက်စတန်နိုင်ငံများသို့ ခရီးစဉ်များသွားရောက်ခဲ့ပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မိမိတို့နိုင်ငံ၏အကျိုးစီးပွားများကို ပိုမိုမြှင့်တင်နိုင်ရေး အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာမှရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့ကြပြီး လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်ကို ၎င်းတို့တွေ့မြင်ခဲ့ရကြောင်း၊ နိုင်ငံတကာဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ တရားစွဲဆိုမှုနှင့် ပတ်သက်၍လည်း နိုင်ငံတော်တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ် မှ ၂၀၂၆ ခုနှစ် တရားရင်ဆိုင်မှုကာလအထိ တရားစီရင်မှုအဆင့်အားလုံးတွင် ပါဝင်ရင်ဆိုင်ခဲ့ပြီး

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ဥပဒေကြောင်းအရ ထိရောက်စွာဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

အွန်လိုင်းလိမ်လည် လောင်းကစားမှုများ တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတို့နှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့်အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ထိထိရောက်ရောက် တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သည့်နေရာများနှင့် ကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သူများအား ဖော်ထုတ်ရှင်းလင်းခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်နေသည့်နေရာများအား ဖော်ထုတ်ရှင်းလင်းခြင်းများကို မိမိတို့အနေဖြင့် အင်ပြည့်အားပြည့်ဖြင့် ထိရောက်ပြင်းထန်စွာ ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသည့်နေရာများကိုလည်း ဆက်လက်ဖော်ထုတ်အရေးယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊မိမိတို့နိုင်ငံအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုများ မရှိစေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ လက်ရှိအချိန်အထိ ဖော်ထုတ်ရှင်းလင်းရရှိမှုများနှင့်နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များကို သုံးသပ်ကြည့်မည်ဆိုပါက အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားနှင့် ဆက်လက်ရှင်သန်ရပ်တည်ရေးအတွက် အွန်လိုင်းလိမ်လည်မှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းများကို ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့နယ်မြေအတွင်း ထိုသို့လုပ်ဆောင်နေမှုများ မရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

တစ်ဆက်တည်းတွင် တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍လည်း ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကိုနည်းလမ်းမျိုးစုံဖြင့် အားပေးဆောင်ရွက်နေကြသည့် အကျင့်ဆိုးကို တိုက်ဖျက်ရန်လိုကြောင်း၊ ၎င်းအကျင့်ဆိုးသည် ကုန်ဈေးနှုန်းကြီးမြင့်မှုများနှင့် အဂတိလိုက်စားမှုများကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များအတွက်လည်း ဝင်ငွေများရရှိနေမည်ဖြစ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက်လည်း ထိခိုက်စေနိုင်ကြောင်း၊ သို့ဖြစ်၍ တရားမဝင်ကုန်စည်စီးဆင်းမှုများသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် နည်းလမ်းမျိုးစုံဖြင့် ထိခိုက်နစ်နာစေနိုင်သောကြောင့် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့်အချိန်ကာလအတွင်း အခက်အခဲအကျပ်အတည်းပေါင်းများစွာမှ ကြံ့ကြံ့ခံ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ခဲ့ချိန်ကာလများအတွင်း နိုင်ငံတော်အတွက် သစ္စာရှိစွာဖြင့် လက်တွဲလုပ်ဆောင်ခဲ့မှုများအတွက် အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပြီး မိမိတို့၏တာဝန်ထမ်းဆောင်မှုများသည် နိုင်ငံတော်တွင် မှတ်ကျောက်တင်ခံခဲ့ကြမည်ဖြစ်ကြောင်း၊ နောင်လာမည့် အစိုးရအနေဖြင့် ယခုကဲ့သို့အခက်အခဲများ ကြုံတွေ့ရမှုမရှိစေရေးအတွက် မိမိတို့ တာဝန်ထမ်းဆောင်ခဲ့ရချိန်ကာလများအတွင်း ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့် အတွေ့အကြုံများကို ပြည့်ပြည့်စုံစုံဖြင့် ရေးသားဖော်ပြ၍ စနစ်တကျ လွှဲပြောင်းပေးသွားကြရန်လိုကြောင်းနှင့် ကောင်းမွန်သည့်လုပ်ဆောင်မှုများကို လက်ဆင့်ကမ်းပေးခဲ့ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

အမိန့်အမှတ်၊ ၈ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

( ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

အမိန့်အမှတ်၊ ၉ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

( ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက် )

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဒေါက်တာ စန္ဒာဦးအား မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

အမိန့်အမှတ်၊ ၁၀ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

( ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက် )

**တာဝန်မှအနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုးအား ကျန်းမာရေးအရ ၂၀၂၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

## ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

အမိန့်အမှတ်၊ ၁၁ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

( ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက် )

**ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ)အရ ဦးမြတ်စံ အား ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

## ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

အမိန့်အမှတ်၊ ၁၂ /၂၀၂၆

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

( ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက် )

**ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးကျော်သောင်းအောင် | ချင်းပြည်နယ်တရားလွှတ်တော် |
| (၂) | ဦးအောင်မော် | ရှမ်းပြည်နယ်တရားလွှတ်တော် |

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးကျော်ကျော်လွင်<br>ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန |
| (၂) | ဒေါက်တာ ဆွေဆက်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်(ခေတ်ခွဲ)<br>အမျိုးသားကျန်းမာရေးခေတ်ခွဲမှုဆိုင်ရာဌာန<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာနည်းပညာ<br>တက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

# ၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနား မြို့တော်ခန်းမတွင် ကျင်းပ





**မန္တလေး မတ် ၁၀**

ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ် အခမ်းအနားကို မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်က ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချ စားသုံးသူဘဝ (Safe Products, Confident Consumers)ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း၊ စားသုံးသူအခွင့်အရေးများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် အလေးထားဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုများကို မြှင့်တင်ဆောင်ရွက်သွားကြရန်၊ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရန်၊ ဈေးနှုန်းများ မှန်ကန်မှုရှိစေရန်နှင့် ထုတ်ကုန်များ အရည်အသွေးပြည့်မီမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဥပဒေ၊ မူဝါဒများ၊ ညွှန်ကြားချက်များနှင့်အညီ အတ္တပရမျှတစွာဖြင့် စားသုံးသူများအပေါ် စေတနာထားကာ လုပ်ကိုင်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များ၊ တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေးအပြည့်အဝရရှိစေရန်အတွက် အစဉ်ကြိုးပမ်းဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးက စားသုံးသူကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

၄င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Video Clip ပြသမှုများနှင့် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## မန္တလေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ ၄၇၀၀၀ ကျော်ရှိ

**မန္တလေး မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မြို့နယ် (၂၅)မြို့နယ်ရှိ စာစစ်ဌာန ပေါင်း (၁၀၈)ခုတွင် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် စာရင်းသွင်းထားသည့် ကျောင်းသား၊ ကျောင်းသူပေါင်း ၄၇၀၀၀ ကျော်ရှိကြောင်း သိရသည်။

"စာစစ်ဌာန (၁၀၈)ခုထဲမှာ ကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူးနဲ့ လက်ထောက်ကြီးကြပ်ရေးမှူးတွေကို အသီးသီးတာဝန်ချထားပေးပြီးဖြစ်ပါတယ်၊ ကြီးကြပ်ရေးမှူးတွေက အထက်တန်းကျောင်းအုပ်တွေဖြစ်ပါတယ်၊ စာစစ်ဌာနအတွင်းမှာတော့ လက်ထောက်ကြီးကြပ်ရေးမှူးတွေကို စာသင်ခန်းတစ်ခန်းမှာ နှစ်ယောက်နှုန်း တာဝန်ချထားပေးပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ပညာရေးဦးစီးဌာနက တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျန်းမာရေးအရ သတ်မှတ်စာစစ်ဌာနများသို့ လာရောက်ဖြေဆိုနိုင်ခြင်းမရှိသည့် စာဖြေဆိုသူများအတွက် မန္တလေးပြည်သူ့ဆေးရုံကြီးတွင် စာစစ်ဌာနတစ်ခု၊ မန္တလေးအိုးဘိုထောင်တွင် စာစစ်ဌာနတစ်ခုတို့ကိုလည်း ထားရှိပေးထားသည်။



စာမေးပွဲဖြေဆိုသည့်ကာလအတွင်း လျှပ်စစ်မီးအချိန်ပြည့်ရရှိရေးအတွက်လည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် စာမေးပွဲဖြေဆိုမည့်ကာလအတွင်း မတ် ၁၁ ရက်မှစတင်၍ စာမေးပွဲခန်းများအလိုက် စနစ်တကျဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စာမေးပွဲနောက်ဆုံးနေ့ဖြစ်သည့် မတ် ၁၇ ရက်အထိ စာမေးပွဲဖြေဆိုသူများအတွက် အဆင်ပြေစေရန် စီမံထားသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးအဆင့် ဌာနများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များအပြင် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စာမေးပွဲဖြေဆိုချိန်အတွင်း ယာဉ်စီးမှု အခက်အခဲရှိနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအတွက် သက်ဆိုင်ရာဌာနများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကူညီပံ့ပိုးပေးသွားမည်ဖြစ်သည်။ ထို့အပြင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ သွားလာရေးအဆင်ပြေစေရန် မြို့ကြီးများမှ မော်တော်ယာဉ်များ (ကျောင်းကားများ) စီစဉ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်ထားပြီး ယာဉ်စီးမှုအခက်အခဲရှိသူများကိုလည်း လူမှုကူညီရေးအဖွဲ့များနှင့် ဆက်သွယ်၍ ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအားလုံး စိတ်အေးချမ်းသာစွာဖြင့် စာမေးပွဲဖြေဆိုနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည်များကို စီမံဆောင်ရွက်ထားကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-ရ)



## မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန်အမှတ်(၁)ရပ်ကွက်၊ ပိတောက်လမ်းဘေးရှိ အား/ကာဆိုင်ခန်းများအား မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းလုပ်ငန်းများကို ယနေ့ညနေပိုင်းတွင် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောနိုင်၏ ဦးဆောင်မှုဖြင့် ဥတ္တရခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးသက်နောင် ကြီးကြပ်၍ ပုဗ္ဗသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးညီညီဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဈေးဆိုင်ခန်းများ မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်း၊ ဆိုင်ခန်းတိုင်း မီးသတ်ဆေးဘူး အသင့်ထားရှိစေရေး အသိပညာပေးဆွေးနွေးခြင်း၊ မီးသတ်ဆေးဘူး လက်တွေ့ကိုင်တွယ်အသုံးချနည်းစနစ်များကို အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အောင်ကို(ပြန်/ဆက်)

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ရုရှားရေတပ်မှ ချစ်ကြည်ရေးအလည်အပတ်ခရီးရောက်ရှိနေသည့် စစ်ရေယာဉ်သုံးစင်း ပြန်လည်ထွက်ခွာ

နေပြည်တော် မတ် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်သို့ ချစ်ကြည်ရေးခရီး လာ ရောက်လည်ပတ်သည့် ရုရှား ရေတပ်မှ စစ်ရေယာဉ် သုံးစင်းတို့ သည် ယနေ့ညနေပိုင်းတွင် ရန်ကုန် မြို့ သီလဝါဆိပ်ကမ်း MITT တံတား မှပြန်လည်ထွက်ခွာရာ တပ်မတော် (ရေ)မှအရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိ သူများက ပို့ဆောင်နှုတ်ဆက် ကြသည်။

အဆိုပါစစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်ဖြစ်သူ Captain 1st Rank Andrei Gaevoi ဦးစီး၍ အရာရှိ၊ စစ်သည်စုစုပေါင်း ၃၅၀ တို့လိုက်ပါလာပြီး မြန်မာနိုင်ငံ တွင် မတ် ၅ ရက်မှ ယနေ့ အထိ ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာ လည်ပတ်ခြင်း၊ တပ်မတော်(ရေ) မှ အရာရှိ၊ စစ်သည်များနှင့် ရုရှား ရေတပ်မှ အရာရှိ၊ စစ်သည်များ အကြား ချစ်ကြည်ရေး ဘောလုံး ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ လွန်ဆွဲ ပြိုင်ပွဲနှင့် ဘတ်စကက်ဘောပြိုင်ပွဲ များ ယှဉ်ပြိုင်ကစားခြင်း၊ စစ် ရေယာဉ်များပေါ်သို့ အပြန်အလှန် လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၂၅ ခုနှစ်၊ နှစ်လည်မဂ္ဂဇင်းစာမူရှင်များနှင့် သုတေသနဂျာနယ် Vol.6 စာတမ်းရှင်များအား ဂုဏ်ပြု

မန္တလေး မတ် ၁၀

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်(Mandalay University of Foreign Languages–MUFL) ၂၀၂၅ ခုနှစ်၊ နှစ်လည် မဂ္ဂဇင်းစာမူရှင်များနှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် University Research Journal Vol.6 တွင် ရေးသားခဲ့သော စာတမ်း ရှင်များအတွက် ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင် မြေသာစံမြို့နယ် (MUFL)ရှိ သီရိရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး) များ၊ စီမံအရာရှိများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်း သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပါမောက္ခချုပ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ နှစ်လည်မဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ မြန်မာဘာသာ ဌာန ပါမောက္ခ(ဌာနမှူး)ဒေါက်တာခင်မာထူးက နှစ်လည်မဂ္ဂဇင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

၎င်းနောက် စာတမ်းရှင် ပါမောက္ခချုပ် ဒေါက်တာတင့်တင့် အား မြတ်ဆရာကန်တော့ခံ ဆရာမကြီး ဒုတိယပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာ လှိုင်ဝေဝေလှက ဂုဏ်ပြုမှတ်တမ်းလွှာပေးပြီးနောက် နှစ်လည်မဂ္ဂဇင်း စာမူရှင်များအား ပါမောက္ခချုပ် ဒေါက်တာတင့်တင့်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာကြည်ကြည်မိုး၊ ဘာသာရပ်ဌာန အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များနှင့် ဌာနမှူး(သင်တန်းရေးရာ)တို့က ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြပြီး စာမူရှင် ဒေါက်တာမောင်မောင်လေး (မြန်မာစာ)က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် University Research Journal Vol.6 စာတမ်းရှင်များ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အကြမ်း ဖက်မှုကြိုတင်ကာကွယ်တားဆီးရေး၊ တိုက်ဖျက်ရေးဆိုင်ရာ ဆောင်း ပါးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ သုံးဦး၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသူ နှစ်ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်းနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ် ပုံများ ရိုက်ခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၄)

## ထိုင်းနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတစ်ဦးအား မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၀

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်း များ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည် လောင်းကစားမှုတိုက်ဖျက် ရေး လုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစု များအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့် လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင် ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ သည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက် နေထိုင်မှုမရှိစေရေးတို့ကို စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်စစ်ဆေးရေးဂိတ်၌ နယ်မြေလုံခြုံရေးနှင့် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော ပူးပေါင်းအဖွဲ့သည် မတ် ၉ ရက် နံနက် ၈ နာရီခန့်တွင် မုပ္ပလင်ကျေးရွာ အနီးရှိ ရန်ကုန်-မော်လမြိုင်ကားလမ်းအတိုင်း ကျိုက်ထိုမြို့ဘက်မှ သိမ်ဇရပ်မြို့ဘက်သို့ လမ်းလျှောက်လာသော မသင်္ကာဖွယ် တရုတ် နိုင်ငံသားတစ်ဦးအား တွေ့ရှိသဖြင့် ခေါ်ယူ စစ်ဆေးရာ ၎င်းမှာ တရုတ်နိုင်ငံ ကျဲ့ကျန်းပြည် နယ်နေ Mr.Jiang Xiaoqiang (ဘ) Mr. Jiang Xingfu ၊ အသက် (၄၅) နှစ်ဖြစ်ပြီး မြန်မာနိုင်ငံ အတွင်းသို့ ထိုင်းနိုင်ငံမှတစ်ဆင့် တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသူဖြစ် ကြောင်း တွေ့ရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ ကြောင်း သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိ တရုတ်နိုင်ငံသား၏ ပြောကြားချက်အရ ၎င်းသည် တရုတ်နိုင်ငံတွင် နေထိုင်စဉ် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင် လျက်ရှိသော တရုတ်နိုင်ငံသားတစ်ဦးနှင့် ချိတ်ဆက်မိ၍ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း က ထိုင်းနိုင်ငံ မဲဆောက်မြို့(စိစစ်ဆဲ) နေရာသို့ ရောက်ရှိပြီး တစ်လလျှင် ထိုင်းဘတ်ငွေ ၂၀၀၀ ဖြင့် အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ခဲ့ရကြောင်း၊ ၎င်းတွင် ပါရှိလာသည့် ပစ္စည်းများ၊ ဖုန်း၊ ပတ်စ်ပို့နှင့် ဗီဇာများကိုလည်း သိမ်းဆည်းထားကြောင်း၊ ထိုသို့လုပ်ကိုင်ရာတွင် နေရာအတည်တကျ လုပ်ကိုင်ရခြင်းမရှိဘဲ နေရာ ငါးနေရာခန့် ရွှေ့ပြောင်းလုပ်ကိုင်ခဲ့ရကြောင်း၊ ၂၀၂၆ ခုနှစ် မတ်လအတွင်းတွင် ထိုင်းနိုင်ငံ မဲဆောက်မြို့မှ သောင်ရင်းမြစ်အား စက်လှေဖြင့် ဖြတ်ကူး ၍ မြန်မာနိုင်ငံ မြဝတီမြို့သို့ ရောက်ရှိပြီး အဆောက်အအုံ တစ်လုံးအတွင်း နေထိုင်ခဲ့ရ ကြောင်း၊ ထို့နောက် အဆိုပါနေရာမှ ထွက်ပြေး တိမ်းရှောင်လာခဲ့ပြီး ယခုမုပ္ပလင်စစ်ဆေးရေး ဂိတ်အနီးသို့ ရောက်ရှိစဉ် ဖမ်းဆီးထိန်းသိမ်း ခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသော တရုတ်နိုင်ငံသားအား သက်ဆိုင်ရာ၌ ထိန်းသိမ်း ထားရှိပြီး မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၃ (၁) အရ အရေးယူဆောင် ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ စာမျက်နှာ ၂၄ မှ

ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသား ချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်း ပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ရှစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်း နိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေး အတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံ လင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင် ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်း နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ် နိုင်ငံသံရုံးမှ First Secretary Mr. Le Trung Kien နှင့် တာဝန်ရှိသူများ၊ ကင်ညာနိုင်ငံ၊ ဆီးရီးယားလီယွန် နိုင်ငံ၊ နီပေါနိုင်ငံ၊ ရဝမ်ဒါနိုင်ငံ၊ ဘူရွန်ဒီနိုင်ငံ၊ ကွန်ဂို နိုင်ငံနှင့် လိုက်ဘေးရီးယားနိုင်ငံသံရုံးတို့မှ သံရုံး ကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန် ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံ များမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက် စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင် ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်း များမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပါကစ္စတန် နိုင်ငံသား နှစ်ဦး၊ ရဝမ်ဒါနိုင်ငံသား နှစ်ဦး၊ ကင်ညာ နိုင်ငံသား နှစ်ဦး၊ နီပေါနိုင်ငံသား တစ်ဦးနှင့် ဘူရွန်ဒီ နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ရှစ်ဦး ကို ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၁၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရား မဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၃၉၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံ သားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၃၃၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၅၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ထားရှိသည်။

လွှဲပြောင်းရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၅၈ ဦးအနက် တရုတ်နိုင်ငံသား ၂၅ ဦးအား မြို့မ ရဲစခန်း၌ ချုပ်နှောင်ထားရှိပြီး ပြည်ဝင်ခွင့်ဗီဇာ စည်းကမ်းဖောက်ဖျက်ခဲ့သည့်အတွက် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) အရ ၇-၃-၂၀၂၆ ရက်နေ့တွင် ဥပဒေလုပ်ထုံး၊ လုပ်နည်း နှင့်အညီ တရားဆွဲဆိုအရေးယူနိုင်ရေး စီစဉ် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်း ထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွ စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်း အမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြား သားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်း ပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းမည့် သင်္ဘောများကို ပြင်သစ်နှင့် မဟာမိတ်များက လိုက်ပါစောင့်ရှောက်ပေးမည်



ပဲရစ် မတ် ၁၀

အမေရိကန်-အစ္စရေးနှင့် အီရန်တို့အကြား ဖြစ်ပွားနေသည့် ပဋိပက္ခ၏ အပြင်းထန်ဆုံး အဆင့် ပြီးဆုံးသွားပါက ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းမည့် သင်္ဘောများကို လုံခြုံရေး လိုက်ပါစောင့်ရှောက်ရန် ပြင်သစ်နိုင်ငံနှင့် ၎င်း၏ မဟာမိတ်များက သီးသန့်ကာကွယ်ရေးမစ်ရှင်တစ်ခု ပြင်ဆင်နေကြောင်း သိရသည်။

ဆိုက်ပရပ်စ်နိုင်ငံတွင် မတ် ၉ ရက်က ပြောကြားသော မိန့်ခွန်း၌ အဆိုပါ လုံခြုံရေးလိုက်ပါစောင့်ရှောက်မှု လုပ်ငန်းစဉ်ကို ဥရောပနိုင်ငံများနှင့် ဥရောပမဟုတ်သော နိုင်ငံများကပါ ပူးပေါင်းပြင်ဆင်ရမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတအီမန်နျူယယ်လ်မာခရွန်က နိုးဆော်လိုက်သည်။

ပဋိပက္ခ၏ အပြင်းထန်ဆုံးကာလ ကျော်လွန်သွားသည်နှင့် တစ်ပြိုင်နက် ကုန်သေတ္တာတင်သင်္ဘောများနှင့် ဆီတင်သင်္ဘောများကို လုံခြုံစွာစောင့်ရှောက်လိုက်ပါပေးခြင်းဖြင့် ဟော်မုဇ်ရေလက်ကြားကို တဖြည်းဖြည်း ပြန်လည်ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ပြင်သစ်သမ္မတက အသေးစိတ်အချက်အလက်များ ထည့်သွင်းခြင်းမရှိဘဲ ရှင်းလင်းပြောကြားသည်။

အမေရိကန်နှင့် အစ္စရေးတို့က အီရန်ကို ဆက်လက်တိုက်ခိုက်နေသကဲ့သို့ အီရန်ကလည်း ဒေသတွင်းသို့ ဒုံးကျည်များနှင့် ဒရုန်းများဖြင့် ပြန်လည်တုံ့ပြန်တိုက်ခိုက်နေခြင်းကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းများ မြင့်တက်နေချိန်တွင် မာခရွန်၏ ထိုမှတ်ချက်ထွက်ပေါ်လာခြင်း ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## အားကောင်းသော မုန်တိုင်းစနစ်အတွက် ကြိုတင်ပြင်ဆင်ထားကြရန် ဟာဝိုင်အီကျွန်းစု အမျိုးသားမိုးလေဝသဌာန တိုက်တွန်းနှိုးဆော်ထား

ဝါရှင်တန် မတ် ၁၀

ဟာဝိုင်အီကျွန်းစုတစ်ဝှမ်းရှိ ဒေသခံများနှင့် ခရီးသွားများ အနေဖြင့် လာမည့်အပတ်အစောပိုင်းတွင် စတင်ဖြစ်ပေါ်လာနိုင်သော မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသက်မုန်တိုင်းတိုက်ခတ်ခြင်းနှင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်သည့် အားကောင်းသော မုန်တိုင်းစနစ်အတွက် ကြိုတင်ပြင်ဆင်ထားကြရန် အမျိုးသားမိုးလေဝသဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။



ကျွန်းစုများ၏ အနောက်မြောက်ဘက်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း အရှိန်ကြောင့် အပူပိုင်းဒေသမှစို ထိုင်းဆများ မြောက်ဘက်သို့ ရောက်ရှိလာနိုင်သည့်အတွက် ပြည်နယ်အတွင်း ရေဆင်းအခြေအနေ ခန့်မှန်းချက်ကို မိုးလေဝသပညာရှင်များက ထုတ်ပြန်ထားသည်။

အဆိုပါမုန်တိုင်းစနစ်သည် အစောဆုံးအနေဖြင့် အင်္ဂါနေ့တွင် ပြည်နယ်အတွင်းသို့ စတင်သက်ရောက်နိုင်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုမှာ သီတင်းပတ်ကုန်အထိ ဆက်လက်ဖြစ်ပေါ်နိုင်ဖွယ်ရှိသည်။

လွန်ခဲ့သော နှစ်ပတ်ခန့်က အိုအာဟူးကျွန်းလေညာအရပ်နှင့် ကိုအိုလောင်းတောင်တန်းများတွင် မိုးသည်းထန်စွာရွာသွန်းခဲ့သော မုန်တိုင်းနှင့်မတူဘဲ ထိုမုန်တိုင်းစနစ်ကြောင့် ကျွန်းစုတစ်ခွင်လုံးတွင် ပိုမိုကျယ်ပြန့်စွာ မိုးရွာသွန်းနိုင်သည်ဟု သက်ဆိုင်ရာက သတိပေးထားကြောင်းသိရသည်။

**Mon**

0-0-0-0-0

## မကြာမီ ပဋိပက္ခအဆုံးသတ်နိုင်ဟု သမ္မတထရမ့် ပြောကြားခဲ့ပြီးနောက် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ မတ်ဂုရက်တွင် ပြန်လည်ကျဆင်း



စင်ကာပူ မတ် ၁၀

အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသောပဋိပက္ခ မကြာမီကာလအတွင်း အဆုံးသတ်နိုင်သည်ဟု အမေရိကန်သမ္မတ ဒေါနယ်လ်ထရမ့်က ခန့်မှန်းပြောကြားခဲ့ပြီးနောက် ကမ္ဘာ့ရေနံထောက်ပံ့မှုအပေါ် စိုးရိမ်ပူပန်မှုများ လျော့ကျလာကာ ရေနံစိမ်းဈေးနှုန်းများ မတ်၁၀ရက်တွင် ပြန်လည်ကျဆင်းသွားကြောင်း စီအင်န်အင်န်သတင်း ဌာနက ဖော်ပြသည်။

ဘရန့်ရေနံစိမ်းဈေးနှုန်းမှ ၁ ဒ ၃သမ ၅၁ ဒေါ်လာသို့မဟုတ် ၆ ဒသမ ၆ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ပြီး တစ်စည်လျှင် ၉၂ ဒသမ ၄၅ ဒေါ်လာသို့ရောက်ရှိခဲ့ကာ အမေရိကန် အနောက်တက္ကဆက် ရေနံစိမ်းဈေးနှုန်းမှာလည်း ၆ ဒသမ ၁၂ ဒေါ်လာ သို့မဟုတ် ၆ ဒသမ ၅ ရာခိုင်နှုန်းခန့် ကျဆင်းပြီး တစ်စည်လျှင် ၈၈ ဒသမ ၆၅ ဒေါ်လာသို့ ရောက်လာခဲ့သည်။

အမေရိကန်နှင့် အစ္စရေးတို့က အီရန်နှင့်ဖြစ်ပွားနေသော ပဋိပက္ခအတွင်း ဆော်ဒီအာရေဗျနှင့် အခြားရေနံထုတ်လုပ်သည့် နိုင်ငံများက ထုတ်လုပ်မှုလျှော့ချခဲ့ခြင်းကြောင့် ကမ္ဘာ့ရေနံစီးဆင်းမှုအပေါ် စိုးရိမ်မှုများ မြင့်တက်ခဲ့ပြီး ယမန်နေ့က ရေနံဈေးနှုန်း တစ်စည်လျှင် ဒေါ်လာ ၁၀၀ အထက်သို့ ကျော်လွန်ကာ ၂၀၂၂ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဈေးနှုန်းများသို့ ရောက်ရှိခဲ့သည်။

သို့သော်လည်း ရုရှားသမ္မတ ဗလာဒီမာပူတင်သည် သမ္မတထရမ့်နှင့် ဖုန်းဖြင့်ဆက်သွယ်ကာ အီရန်ပဋိပက္ခ အမြန်ဆုံးအဆုံးသတ်နိုင်ရေး အဆိုပြုချက်များဆွေးနွေးခဲ့သည်ဟု ကရင်မလင်နန်းတော် အရာရှိတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0-0

## အမည်ဖော်ပြမထားသော အကြောင်းပြချက်အချို့ကြောင့် ပြုံယမ်း မာရသွန်ပြိုင်ပွဲကို ဖျက်သိမ်းလိုက်သည်ဟုဆို

ပြုံယမ်း မတ် ၁၀

မြောက်ကိုရီးယားနိုင်ငံသည် အမည်ဖော်ပြမထားသော အကြောင်းပြချက်အချို့ကြောင့် ပြုံယမ်း မာရသွန်ပြိုင်ပွဲကို ဖျက်သိမ်းလိုက်သည်ဟု အဆိုပါပြိုင်ပွဲနှင့် ဆက်နွယ်နေသည့် ခရီးသွားလုပ်ငန်းတစ်ခုက အတည်ပြုကြောင်း စီအင်န်အေသတင်းဌာန ကဖော်ပြသည်။

မာရသွန်ပြိုင်ပွဲ၏ တရားဝင်မိတ်ဖက်အဖြစ် မိမိကိုယ်ကိုယ် ဖော်ပြထားသည့် ဗြိတိန်ပိုင် ခရီးသွားလုပ်ငန်းတစ်ခုက မြောက်ကိုရီးယား အားကစားအဖွဲ့ချုပ်ထံမှ ပြိုင်ပွဲဖျက်သိမ်းကြောင်း အကြောင်းကြားစာကို မတ်၉ရက်တွင် လက်ခံရရှိခဲ့သည်ဟု ဆိုသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော အဆိုပါအားကစားပွဲကို မြောက်ကိုရီးယားနိုင်ငံအား တည်ထောင်သူ ခေါင်းဆောင်ကြီး ကင်မ်အီဆွန်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ၁၉၈၁ ခုနှစ်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ၂၀၂၆ ခုနှစ်အတွက် ပြိုင်ပွဲကို ဧပြီ ၅ ရက်နေ့တွင် ကျင်းပရန် မူလကသတ်မှတ်ထားခဲ့ကြောင်း သိရသည်။

**Mon**




## ဟဲပေပြည်နယ်၊ ရှန့်အန်းနယ်မြေသစ်ရှိ ဂြိုဟ်တုထုတ်လုပ်ရေးစက်ရုံ ဉာဏ်ရည်တုသုံး အာကာသနည်းပညာအတွက် မှတ်တိုင်တစ်ခုဖြစ်

ပေကျင်း မတ် ၁၀

တရုတ်နိုင်ငံ ဟဲပေပြည်နယ်၊ ရှန့်အန်းနယ်မြေသစ်ရှိ ဂြိုဟ်တုတပ်ဆင်ထုတ်လုပ်ရေးစက်ရုံအတွင်း စက်ရုပ်လက်တံများသည် ထုတ်လုပ်မှုလိုင်းတစ်လျှောက် တိကျသေချာသော လှုပ်ရှားမှုများဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အဆိုပါစက်ရုံသည် ရှန့်အန်းနယ်မြေသစ်၌ ပထမဆုံးထုတ်လုပ်သည့် ရှန့်အန်း အမှတ် (၁) ဂြိုဟ်တုကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်လုပ်နိုင်ခဲ့သည့် နေရာဖြစ်ပြီး ၎င်းသည် ထုတ်လုပ်မှုကဏ္ဍတွင် သာမက ဒေသတွင်း၏ ဉာဏ်ရည်တုသုံး အာကာသနည်းပညာ တီထွင်ဆန်းသစ်မှုစွမ်းရည်အတွက်ပါ မှတ်တိုင်တစ်ခု ဖြစ်လာသည်။

ရှန့်အန်းနယ်မြေအတွက်မူ ထိုလုပ်ဆောင်ချက်သည် စိတ်ကူးယဉ်အဆင့်မှ လက်တွေ့ကျသော အဆင့်မြင့်နည်းပညာ ထုတ်ကုန်အဆင့်သို့ တက်လှမ်းနိုင်ခြင်းဖြစ်ပြီး အဆိုပါမြို့သည် ခေတ်မီအာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်မှု ဗဟိုချက်တစ်ခုအဖြစ် လျင်မြန်စွာ ရပ်တည်လာနိုင်ခြင်းကို သက်သေပြနေခြင်းလည်း ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်တည်ထောင်ခဲ့သော ယင်းအာကာသနည်းပညာ ကုမ္ပဏီသည် ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ စက်ရုံတည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဂြိုဟ်တုကို စတင်မိတ်ဆက်ခြင်းတို့ကို တစ်နှစ်တည်းအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ၎င်းမှာ တရုတ်နိုင်ငံ၏ စက်မှုကဏ္ဍတွင် ဖြစ်ခဲ့သော အောင်မြင်မှုတစ်ခု ဖြစ်ကြောင်း သိရသည်။ **Mon**

## မြို့သစ်မြို့နယ် စည်ပင်သာယာဈေးကြီးအတွင်း မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်

**မြို့သစ် မတ် ၁၀**

၂၀၂၆ ခုနှစ်တွင် နိုင်ငံတော် တစ်ဝန်းလုံး၌ ဈေးများမီးလောင်မှု မဖြစ်ပွားစေရေးနှင့် ဆုံးရှုံးမှု တန်ဖိုးများ လျှော့နည်းကျဆင်း စေရေးအတွက် နိုင်ငံပိုင်၊ပုဂ္ဂလိက ပိုင် ဈေးများအားလုံးကို မီးဘေး လုံခြုံရေးစစ်ဆေးအကြံပြုခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက် ရန် ရည်ရွယ်၍ မြို့သစ်မြို့နယ် မီးသတ်ဦးစီးဌာနမှ သက်ဆိုင်ရာ ဌာနများနှင့်ပူးပေါင်း၍ ယမန်နေ့ ညနေပိုင်းက မြို့မစည်ပင်သာ ယာဈေးကြီးအတွင်း မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေးနှင့် မီးဘေးလုံခြုံရေးအတွက် ကွင်း ဆင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက် ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ် ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များ ပူးပေါင်း ၍ မြို့မစည်ပင်သာယာဈေးကြီး အတွင်း ဈေးသူ၊ ဈေးသားများ အား ဈေးဖွင့်၊ ဈေးပိတ်ချိန်များ တွင် မီးသတိမူရေးစစ်ဆေးသတိ ပေးခြင်း၊ လုံခြုံရေးမီးမှ(အပ) ဈေးဆိုင်ခန်းများတွင် လျှပ်စစ် မီးသုံးစွဲမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ဈေးအတွင်း မီးငြိမ်းသတ်ယာဉ် တစ်စီး အသင့်ထားရှိခြင်း၊ မီး ဘေး လုံခြုံရေးပစ္စည်းများ အသင့် ထားရှိခြင်း ရှိ၊ မရှိနှင့် မီးသတိပေး ပိုစတာဆိုင်းဘုတ်များ၊ အရေးပေါ် ဆက်သွယ်ရမည့် မီးသတ်စခန်း ဖုန်းနံပါတ်များ ချိတ်ဆွဲထားရှိ ခြင်းနှင့် ဈေးမီးဘေးလုံခြုံရေး ကင်းများ တာဝန်ချထားမှုများ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရ သည်။



(ဝဲပုံ)

ဝင်းအိစွန်(ပြန်/ဆက်)

*-*-*-*-*-*-*



## မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် မီးဘေးလုံခြုံရေးဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်

**မန္တလေး မတ် ၁၀**

မန္တလေး၊ အောင်မြေသာစံ မြို့နယ်၊ သီရိမာလာအနောက် ရပ်ကွက်၊ အောက်ကမ်းနားလမ်း၊ ၂၂လမ်းနှင့် ၂၆လမ်းကြားရှိ မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ သီရိမာလာဈေး၊ ကုန်စိမ်းတန်း၌ မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပွဲနှင့် မီးဘေးလုံခြုံရေးဇာတ်တိုက်လေ့ ကျင့်ခြင်းကို မတ် ၉ ရက် နံနက် ပိုင်းက ပြုလုပ်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောင်မြေသာစံမြို့နယ် မီးသတ် ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော် မျိုးထက်၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင်၊ လက်ထောက် မီးသတ်ဦးစီးမှူး ဦးခန့်မင်းထက် နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ် တပ်ခွဲမှူး မောင်မောင်လတ်နှင့် အရန်မီး သတ်တပ်ဖွဲ့ဝင် ၃၀ ဦး၊ ဈေး တာဝန်ခံ ဦးမြင့်သော်ထွန်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ် ရေးမှူး ဦးအောင်သူနှင့် ရာအိမ်မှူး များ၊ စေတနာ၊ မေတ္တာ၊ ဂရုဏာ လူမှုကယ်ဆယ်ရေးအသင်းမှ အသင်းဝင်များ၊ ဈေးအကျိုးတော် ဆောင်များ၊ ဈေးသူ၊ ဈေးသား များ တက်ရောက်ကြသည်။

မြို့နယ်မီးသတ်ဦးစီးမှူးက မီးဘေးလုံခြုံရေးဆိုင်ရာများ အသိပညာပေး ဟောပြောခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်များဝေငှခြင်း၊ ဈေးအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခြင်း ဆောင်ရွက်ခဲ့သည်။ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များက ဈေး ဝန်ထမ်းများနှင့် ဈေးသူ၊ ဈေးသား များကို မီးသတ်ဆေးဘူးဖြင့် လက်တွေ့ကိုင်တွယ်မီးငြိမ်းသတ် ခြင်းအား သရုပ်ပြသပေးခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာ ကွယ်ရေးအတွက် လက်တွေ့မီး ငြိမ်းသတ်ခြင်းနှင့် အရေးပေါ် ပိတ်မိလူနာများအား ရှာဖွေကယ် ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက် လေ့ကျင့်ခြင်းကို မီးငြိမ်းသတ် ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်သုံးစီး၊ လူနာတင်ယာဉ်တစ်စီးတို့ဖြင့် ဆောင်ရွက်ခဲ့သည်။

အဆိုပါဆောင်ရွက်နေမှု များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင် သန်းဇော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

*-*-*-*-*-*-*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မန္တလေးတိုင်း ဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီး အရေးယူထားသည်။

ဖြစ်စဉ်မှာ မတ် ၇ ရက် နံနက် ၉ နာရီ ၁၀ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်း မြို့နယ်၊ ပြူကံရပ်ကွက်၊ ---- စက်သုံးဆီဆိုင်ရှေ့၌ အမှတ် (၁၀၆) ယာဉ်ထိန်းရဲ တပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေး ခြင်းများ ဆောင်ရွက်နေစဉ် မန္တလေး-မုံရွာ ကားလမ်းအတိုင်း ကလေးမြို့၊ အောင်မင်္ဂလာရပ် ကွက်နေ ဦးရွှေမန်းစိုး(၄၃)နှစ် ဆိုသူ မောင်းနှင်လာသည့် SU-BARU SAMBAR မော်တော် ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်နှင့်ပတ် သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ် ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ရွှေမန်းစိုးဆိုသူအား စစ်ကိုင်း နယ်မြေရဲစခန်းမှ ပို့ကုန်၊သွင်းကုန် ဥပဒေဖြင့်လည်းကောင်း၊ အလား တူ မွန်းလွဲ ၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦး လွင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ က နယ်မြေလှည့်ကင်း ဆောင် ရွက်နေစဉ် ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၃) အရောက်၌ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၂၁)နေ ကိုစည်သူဖြိုး(၂၇)နှစ် ဆိုသူ မောင်းနှင်လာသည့် TO-YOTA MARK II မော်တော် ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့် ပတ် သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ် ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စည်သူဖြိုး ဆိုသူအား ပြင်ဦးလွင် မြို့မရဲစခန်းမှ ပို့ကုန်၊သွင်းကုန် ဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*-*-*

## ဆီဘောက်ဆာနောက်တွဲယာဉ် မီးလောင်မှုဖြစ်ပွား

**ပုသိမ်ကြီး မတ် ၁၀**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေကျေးရွာရှိ ဘိလပ် မြေစက်ရုံတွင် မတ် ၉ ရက် မွန်းလွဲ ၂ နာရီခန့်က ဆီဘောက် ဆာ နောက်တွဲယာဉ်ပေါ်မှ ဒီဇယ် များအား လက်ဆွဲရေစုပ်စက်ဖြင့် မြေအောက်ဆီသိုလှောင်ကန်ဆီသို့ ဆီချရာမှ ရေစုပ်စက်ရေချူဘား ပွင့်ထွက်ပြီး ဆီပန်းထွက်ကာ ရေစုပ်စက်အိတ်ဇောပေါ်သို့ ကျပြီး မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှု ဖြစ်ပွားရာသို့ ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီး မှူး ဦးမင်းသန့် ဦးစီး၍ မီးငြိမ်း သတ်ယာဉ်တစ်စီး၊ မြကံသာအရန် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ အောင်ချမ်းသာအရန်မီး သတ်စခန်းမှ မီးသတ်ရေသယ် ယာဉ်တစ်စီး၊ မတ္တရာမြို့နယ် မီး သတ်စခန်းမှ ရေသယ်ယာဉ်နှစ် စီး၊ သန္နေတပ်ဖွဲ့ဝင် ၁၈ ဦး၊ အရန် တပ်ဖွဲ့ဝင် ၂၀ ဦးတို့ဖြင့် ဝိုင်းဝန်း ၍ မီးငြိမ်းသတ်ခဲ့သည်။



မီးလောင်မှုကြောင့် TANK TRAILER(FUEL) နောက်တွဲ ယာဉ်တစ်စီးနှင့် ဒီဇယ် ၅၇၀၀ ဂါလန် မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာသုံးစွဲသူ ယာဉ်မောင်း အား ပုသိမ်ကြီးမြို့မရဲစခန်းတွင် ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူ ထားကြောင်း သိရသည်။

(ဝဲပုံ) (၀၅၇)

*-*-*-*-*-*-*



## ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဘိန်းစိုက်ခင်းများဖျက်ဆီး

**နေပြည်တော် မတ် ၁၀**

၂၀၂၆ ခုနှစ်၊ မတ် ၇ ရက် က ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် အချို့၌ စုစုပေါင်း ဘိန်းစိုက်ခင်း ၂၂ ဧကခန့်အား ဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၇ ရက် နံနက် ၈ နာရီ ၁၀ မိနစ်မှ ၁၁ နာရီခွဲအထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့ မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်း အဖွဲ့က ဟိုပုံးမြို့နယ်၊ လုံဟေး ကျေးရွာအုပ်စု၊ လိုက်ကတူးကျေး ရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၅ ဧကခန့်အား လည်းကောင်း၊ အလားတူ နံနက် ၉ နာရီမှ ညနေ ၄ နာရီ ၃၅ မိနစ်ထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်း အဖွဲ့က ဆီဆိုင်မြို့နယ်၊ ပါလော ပါကယ်ကျေးရွာအုပ်စု၊ နောင်လပ် ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့် ဆဲ ဘိန်းစိုက်ခင်း ၁၃ ဧကခန့်အား လည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီ ၁၀ မိနစ်မှ နံနက် ၁၁ နာရီ ၂၅ မိနစ်အထိ ပင်လောင်း မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပါဝင် သော ပူးပေါင်းအဖွဲ့က ပင်လောင်း မြို့နယ်၊ ပင်မွန်းကျေးရွာအုပ်စု၊ ထီတမောင်းကျေးရွာအနီးတစ်ဝိုက် ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၄ ဧကခန့်အား လည်းကောင်း အသီးသီး ဖျက်ဆီးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# ကျွန်တော်နှင့် ..... တံတားဦးမြို့ရှိ မဟာဇေယျပထတံတား

DE ဦးသန်းမြင့်ရေ .....

အင်းဝမြို့ကို ရောက်ဖူးပါသလား ခင်ဗျာ။ တံတားဦးကနေ အင်းဝမြို့ကို သွားတဲ့လမ်းမှာ အုတ်တံတားလေးရှိပါတယ်။ အဲဒီအုတ်တံတားလေးကို မဟာဇေယျပထတံတားလို့ ခေါ်ပါတယ်။ ဒီမဟာဇေယျပထတံတားက လက်ရှိမှာ ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ရန်ကုန်-ပြည်-မန္တလေးလမ်းနှင့် အဲဒီ အုတ်တံတားနဲ့ တစ်ထပ်တည်းရှိနေတဲ့နေရာက ၂၆၇၆ ပေ ရှည်လျားပါတယ်။ တကယ်တော့ ဦးအို အုတ်တံတားအစနေရာ ဇီးပင်ကွေ့ရွာထိပ်နေရာက နေပြီးတော့ ပန်းဆေးချောင်း တံတားဘေးမှဖြတ်ပြီး တော့ ဆုံကုန်းရွာကိုဖြတ်ပြီး ဆုံကုန်းမီးပွိုင့်အထိ ဖြစ်ပါတယ်။ မျက်မြင်ထင်ရှားဖြစ်နေတဲ့နေရာက တော့ ၂၆၇၆ ပေ ရှိပါတယ်။ တကယ်မြေပြင်မှာက တော့ ရှေးအခါမြန်မာမင်းတွေ ဆောက်တုန်းက တစ်မိုင်ခန့်ရှည်လျားတယ်လို့ မှတ်တမ်းများအရ သိရပါတယ်။ မဟာဇေယျပထတံတားကြီးကိုတည်ဆောက်ခဲ့သူက ပထမအင်းဝခေတ် ငယ်နာမည်မင်းဆွေ(ခေါ်) ပထမမင်းခေါင်ဖြစ်တယ်လို့ သိရပါတယ်။ အင်းဝဘုရင်မင်းခေါင် စတင်တည်ဆောက်ပြီး ကုသိုလ်ယူခဲ့တဲ့ တံတားကြီးကို စတုတ္ထအင်းဝခေတ် ဘကြီးတော်(စစ်ကိုင်းမင်း)လက်ထက်မှာ နန်းမတော်မယ်နုရဲ့မောင် စလင်းမြို့စားဦးအိုက ပြုပြင်ဆောက်လုပ်ခဲ့ပြီးတော့ သက္ကရာဇ် ၁၁၈၉ ခုနှစ်၊ တပေါင်းလဆန်း နှစ်ရက်နေ့မှာ ဖွင့်လှစ်ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လို့ ဦးအိုအုတ်လမ်းလို့ ခေါ်ပါတယ်။ မဟာဇေယျပထတံတားကြီးမှာ အုတ်မုခ်တိုင်၊ အုတ်လက်ရန်းတံတိုင်းအကာအရံတို့ဖြင့် ကြီးကျယ်ခမ်းနားစွာ ပြုပြင်တည်ဆောက်ထားတာကို ယနေ့တိုင် တွေ့ရှိရပါတယ်။ ဦးအိုတံတားကြီးနဲ့ ရန်ကုန်-ပြည်-မန္တလေး လမ်း တစ်ထပ်တည်းကျတဲ့နေရာမှာတော့ ၂၆၇၆ ပေဖြစ်ကြောင်း သိရပါတယ်။ ရန်ကုန်-ပြည်လမ်းနှင့် တံတားဦး-ပလိပ်လမ်းတို့ ဆုံတဲ့နေရာမှာရှိတဲ့ ဆုံကုန်း ကျေးရွာအတွင်းမှာ အုတ်တံတားအပိုင်းအစများကို တွေ့မြင်ရပါတယ်။ အဲဒီအထိဆိုရင်တော့ တံတားကြီး ဟာ တစ်မိုင်ခန့် ရှည်လျားမယ့် သဘောရှိပါတယ်။ ဒီတံတားကြီးကို ရှေးမြန်မာမင်းတွေလက်ထက်က တည် ဆောက်တဲ့အခါမှာ တံတားကြီးဟာ ပန်းဆေးချောင်း ကိုလည်း ဖြတ်သွားတယ်။ နောက်တစ်ခါ မြစ်သာအင်း ကိုလည်း ဖြတ်သွားတယ်။ နောက်တစ်ခါ တတိယ ကျုံးကိုလည်း ဖြတ်သွားတယ်။ ဒီတံတားကြီးရဲ့ စုစု ပေါင်း အစအဆုံး တစ်မိုင်ခန့်ရှိမယ်လို့ ပြောကြပါ တယ်။ လက်ရှိမှာတော့ ၂၆၇၆ ပေ ရှိပါတော့တယ်။ တံတားကြီးဟာ ယခင်တည်ဆောက်တုန်းကဆိုလို့ရှိ ရင် တံတားကြီးရဲ့အတွင်း ခွင်အကျယ်က ၂၂ ပေခန့် ရှိပါတယ်။ ၂၂ ပေခန့်ရှိပြီး တံတားကြီးရဲ့ လက်ရန်း အုတ်နံရံနှစ်ဖက်ကြားထဲမှာ လမ်းကိုတည်ဆောက်ခဲ့ပါ တယ်။ လက်ရှိလမ်းက ရှေးယခင်တည်ဆောက်ထား တဲ့ အုတ်လမ်းကြီးပေါ်မှာ နှစ်ပေါင်းများစွာက အလွှာ လိုက်၊ အထပ်လိုက် တည်ဆောက်ခဲ့တဲ့အတွက်ကြောင့် ရှေးယခင်တည်ဆောက်ခဲ့တဲ့ အုတ်လမ်းပေါ်မှာ သုံးပေ ခန့်မြင့်တက်နေတယ်လို့ တွေ့ရှိရပါတယ်။ ယခုအခါ မှာ ဆိုလို့ရှိရင် ရှေးမူမပျက် အုတ်တံတားကြီးကို ပြန် လည်ပြီးတော့ ကြံ့ခိုင်ရေးဆောင်ရွက်ကြဖို့ရာအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများမှာ ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း သိရပါတယ်။

DE ဦးသန်းမြင့်ရေ .....

ဒီနေရာက ရှေးယခင်တုန်းက အုတ်လမ်းနေရာ ကနေ သုံးပေခန့် မြင့်တက်လာတဲ့အကြောင်းအရင်းက တော့ တည်ဆောက်ခဲ့တဲ့ ခုနှစ်လည်းကြာခဲ့ပြီ ဖြစ်ပါ တယ်။ နောက်တစ်ခုက အင်းဝမှာ ဦးအိုအုတ်တံတား ရှိတဲ့နေရာက သူ့ရဲ့အရှေ့ဘက်မှာ မြစ်ငယ်မြစ်ရှိတယ်။ သူ့ရဲ့မြောက်ဘက်မှာ မြစ်ငယ်မြစ်ရှိတယ်။ သူ့ရဲ့ အနောက်ဘက်မှာလည်း ဧရာဝတီမြစ်ရှိတယ်။ ဒါကြောင့်မို့လို့ မြစ်ငယ်မြစ်ကရေကြီး( High Flood) တဲ့အခါမှာသော်လည်းကောင်း၊ ဧရာဝတီမြစ်က ရေ ကြီး( High Flood) တဲ့အခါမှာသော်လည်းကောင်း ဒီအုတ်လမ်းနေရာက ရေလွှမ်းမိုးလေ့ ရှိတယ်။ ဒါကြောင့်မို့လို့ ဆောင်းပါးပထမအပိုင်းမှာ တင်ပြ ခဲ့သလို ပန်းဆေးချောင်းကို ကျော်ဖြတ်ဖို့ရယ်၊ မြစ် သာအင်းကို ကျော်ဖြတ်ဖို့ရယ်၊ တတိယကျုံးကို ကျော် ဖြတ်ဖို့ရယ် တံတားနေရာမှာ ရေလွှမ်းမိုးမှုတွေ ဖြစ် တဲ့အတွက်ကြောင့် တံတားမှာရှိတဲ့ အုတ်လမ်းပေါ်မှာ ရန်ကုန်-ပြည်-မန္တလေးလမ်းကို ဖောက်ခဲ့စဉ်က တစ်လွှာပြီးတစ်လွှာ မြင့်တင်ခဲ့ကြတယ်လို့ အယူ အဆလေးကိုလည်း တွေ့ရှိရပါတယ်ခင်ဗျာ။

DE ဦးသန်းမြင့်ရေ .....

ရန်ကုန်-ပြည်-မန္တလေး ဆိုတာကတော့ ရန်ကုန်မြို့ကနေပြီးတော့ ထောက်ကြန့်အထိ ၂၂ မိုင်၊ ထောက်ကြန့်ပြီးတော့ မှော်ဘီကနေပြီး တိုက်ကြီး၊ ဥက္ကံ့သုံးဆယ်၊ အဲကနေပြီးတော့ သာယာဝတီ၊ မိုး ညို၊ နတ္တလင်း၊ ရွှေတောင်၊ ပြည်၊ အောင်လံ၊ တောင် တွင်းကြီး၊ မကွေး၊ ရေနံချောင်း၊ ဝေ့းချို၊ ကျောက် ပန်းတောင်း၊ တောင်သာ-မြင်းခြံ-တံတားဦး-အင်းဝ -အိုးတုတ်တန်း-အမရပူရ လမ်းကြီးကို ဆိုလိုခြင်း ဖြစ်ပါတယ် ခင်ဗျာ။ ယခုတင်ပြပါအပိုင်းကတော့ တံတားဦးနှင့် အင်းဝကြားထဲက အပိုင်းဖြစ်ပါတယ် ခင်ဗျာ။

ရွှေဇင်

# ဆရာဝန့် အဖေဖြစ်ချင်သော ကျွန်တော်

၂၀၂၄-၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း၊ (G,12) စာမေးပွဲကို ကျွန်တော့သားကြီး ဖြေဆိုပြီးတဲ့အချိန် ကျွန်တော့်ရဲ့ဖြစ်ချင်ဆုံးဆန္ဒတစ်ခုကတော့ ဆရာဝန်တစ်ယောက်ရဲ့ ဖခင်ဖြစ်ချင်ခဲ့တာပေါ့။ ဖြေဆိုပြီးချိန်မှာ သားကြီးဘယ်လိုလည်းကွ စာမေးပွဲဖြေနိုင်လား ဂုဏ်ထူးဘယ်နှစ်ခုမှန်းလည်း လို့မေးလိုက်တဲ့အခါ သားဖြစ်သူက ဖေဖေရေ သားမြန်မာစာကလွဲလို့ အားလုံးဂုဏ်ထူးထွက်စေရမယ်လို့ ကတိပေးပါတယ်။ သားကြီးရဲ့အဖြေစကားကို ကြားလိုက်ရတဲ့ကျွန်တော့်မှာ ကျေနပ်အားရနေတာပေါ့၊ တက္ကသိုလ်ဝင်တန်း စာဖြေလွှာတွေမစစ်ခင် မန္တလေးတက္ကသိုလ်ကြီးထဲမှာ ခေတ္တထိန်းသိမ်းထားခိုက် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့မှာ မထင်မှတ်သော ကံကြမ္မာအပြောင်းအလဲတစ်ခု ရုတ်တရက်ဖြစ်ပေါ်လာခဲ့ရပါတယ်။ အဲဒါကတော့ မန္တလေးငလျင်ကြီး လှုပ်ခတ်သွားတာပါပဲ၊ မန္တလေးတက္ကသိုလ်ကြီးလည်း ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေဖြစ်ပေါ်ခဲ့ရပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲ အဖြေလွှာတွေလည်း မီးလောင်ပျက်စီးခဲ့ရတာပေါ့ဗျာ။ မန္တလေးတက္ကသိုလ်ထဲမှာထားတဲ့ အဖြေလွှာတွေအကုန်မီးလောင်သွားပြီတဲ့၊ ကြားလိုက်ရတဲ့သတင်းကြောင့် ကျွန်တော့်ခေါင်းကို ဝရမ်ိန်လက်နတ်နဲ့ ပစ်ခတ်လိုက်တဲ့အတိုင်း ခံစားလိုက်ရတယ်။ မဟုတ်ပါစေနဲ့၊ မဖြစ်နိုင်ပါဘူး၊ ငလျင်ပဲလှုပ်တာပါ၊ မီးမလောင်နိုင်ပါဘူးဆိုပြီး ကျွန်တော်တစ်ယောက်တည်း ဗျာများနေခဲ့ရတာပေါ့ဗျာ။ နိုင်ငံတော်အစိုးရက တရားဝင်ကြေညာတော့မှာ ကျွန်တော်ခေါင်းငိုက်စိုက်ကျပြီး အရှုပ်ကြိုးပြတ် ဖြစ်သွားရတယ်။ သားကြီးလည်း မျက်နှာလေးက ဆီးရွက်လောက်ပဲ ကျန်တော့တယ်။ အော် ငါကိုယ်တိုင်ကဒီလိုဖြစ်နေရင် ကာယကံရှင်ဖြစ်တဲ့ ငါ့သားလေးပိုပြီးစိတ်အားငယ်သွားချည်ရဲ့၊ စိတ်ပျက်သွားချည်ရဲ့ဆိုပြီး၊ ဟန်ကိုယ်ဖို့နဲ့ သားဖြစ်သူကို အားပေးနှစ်သိမ့်စကားပြောပေးရပါတယ်။

မကြာမီပညာရေးဝန်ကြီးဌာနကနေ ကြေညာချက် ထုတ်ပြန်ခဲ့ပါတယ်။ (G,12) စာမေးပွဲအတွက် အစားထိုးဖြေဆိုရမည်ဆိုပြီး ဖြစ်လာပါတော့တယ်။ ကြိုက်နှစ်သက်သူတွေရှိကြသလို မကြိုက်သူတွေလည်း ရှိခဲ့ကြပါတယ်။ ကျွန်တော်ကတော့ ပြန်လည်ဖြေဆိုတာကို သဘောကျ၊ ထောက်ခံတဲ့အထဲ ပါဝင်တာပေါ့ဗျာ။ ဒါမှ ကျွန်တော်ဖြစ်ချင်တဲ့ဆန္ဒ ဖြစ်ခွင့်ရမှာမဟုတ်လား၊ ဒါနဲ့ ကျွန်တော်လည်းသားဖြစ်သူကို ကြိုးစားဖို့ပြောရတာပေါ့လေ။ အဲ့ဒီနေရာမှာ ဖြစ်ချင်တော့ဗျာ သားရဲ့မှတ်စုစာအုပ်တွေကို ကျွန်တော့်မိခင်၊ သားရဲ့အဖွားက အိမ်ရှင်းရင်းပါသွားလို့ စာအုပ်တွေက တစ်အုပ်မှမရှိတော့ဘူးဆိုပြီး ပြောတော့ …. ဟိုက် ကျွန်တော်မျက်လုံးပြူးရပြီလေ၊ ဒုက္ခပါပဲ၊ ဘယ်နှယ်လုပ်ရပါ့၊ ကျွန်တော်စဉ်းစားလို့မရတော့ဘူး၊ သားကတော့ ကိစ္စမရှိဘူး၊ အရင်က ကျက်မှတ်ထားတာတွေ ခုထိမှတ်မိနေသေးတယ် မပူပါနဲ့လို့ ပြောရှာပါတယ်။ ဒါပေမယ့် ဖခင်ဖြစ်တဲ့ ကျွန်တော်ရော၊ တစ်မိသားစုလုံးကတော့ စိုးရိမ်ကြတာပေါ့၊ သူငယ်ချင်းဆီက စာအုပ်တွေကို မိတ္တူကူးပြီး ပြန်လှေ့လာခိုင်းရတာပေါ့။ စာမေးပွဲကြီးပြီးတော့ ထုံးစံအတိုင်းဖြေနိုင်လား၊ ဂုဏ်ထူးဘယ်လောက်မှန်းလည်းဆိုတော့ သားဖြစ်သူက ဒီတစ်ခါတော့ အရင်လောက်ဂုဏ်ထူးမမှန်းရဲဘူး၊ အနည်းဆုံးတော့ ၃ ဘာသာလောက် ပါမယ်လို့ပြောပါတယ်။ ကျွန်တော်လည်း စိတ်ထဲကနေ သုံးဘာသာဆိုရင်တော့ ကျွန်တော်ဖြစ်ချင်တဲ့ ဆရာဝန့်အဖေ မဖြစ်နိုင်တော့ဘူးလို့ စိတ်ထဲမှာတွေးပြီး ရင်မောသွားရတယ်။ သားကြီးကတော့ သူ့ပုံစံအတိုင်း မထုံတက်တေးနဲ့ပေါ့။ အောင်စာရင်းတွေထွက်တော့မယ်လို့ အသံကြားတဲ့အခါ ကျွန်တော့်ရင်တွေ တဒိတ်ဒိတ်နဲ့ခုန်နေပြီ၊ ကိုယ်ကိုယ်တိုင် ဆယ်တန်းဖြေခဲ့တုန်းကတောင် အခုလိုမဖြစ်ခဲ့ဘူး။ သားဖြစ်သူကြမှ စိတ်တွေ ဂဏာမငြိမ်ဖြစ်နေတာ၊ မိုးမြန်မြန်လင်းပါစေလို့ ဆုတောင်းနေရတာလည်း အမော၊ တစ်ညလုံးလည်း အိပ်မပျော်ဘူးလေ၊ အော် သားသမီးသံယောဇဉ် အတွယ်အနှောင်ကတယ်ပြီး အားကြီးပါလား။ မနက်မိုးလင်းတော့ အိပ်ရာက ကပျာကယာထ၊ မျက်နှာလေး ကမန်းကတန်းသစ်ပြီး သားဖြေဆိုတဲ့ စာစစ်ဌာနသွားကြည့် ကိုယ်တွေစောလှပြီထင်နေတာ ကိုယ့်ထက်စောသူတွေက ကျောင်းပေါက်မှာရောက်နေကြတာမှ တစ်ပြုံကြီးပဲ၊ သူတို့တွေလည်း သားဓောသမီးဓောတွေနဲ့ ပဲလေ၊ ကိုယ်ချင်းစာမိပါရဲ့ဗျာ။

ကျွန်တော်လည်း လူအုပ်ကြားထဲကို တိုးဝှေ့ကြည့်ပြီး သားကြီးရဲ့ ခုံနံပါတ်ကိုရှာကြည့်တဲ့အခါ ဟောတွေ့ပါပြီ။ ကျွန်တော်လည်း ဝမ်းသာအားရနဲ့ ဟေးအောင်ပြီကွ ဂုဏ်ထူးသုံးခုနဲ့လို့အော်လိုက်တဲ့အခါ ကျွန်တော့်ဘေးနားကနေ အသက် ၃၀ ခန့် မိန်းကလေးတစ်ယောက်က ဦးလေးအောင်တာလား သုံးဘာသာဆိုတော့ တော်တာပေါ့တဲ့၊ ဟဲ့ ငါမဟုတ်ဘူး ငါ့သားဟဲ့ ငါ့သားဆိုပြီး ဂုဏ်ယူဝင့်ကြွားဖြေလိုက်တော့ မိန်းကလေးက သားအောင်တာများသူအောင်တာကျနေတာပဲ အော်လိုက်တဲ့အသံက လူတောင်လန့်သွားတယ်ဆိုပြီး ခနဲ့တဲ့တဲ့ပြောမှ ကျွန်တော်လည်း ရှက်ကိုးရှက်ကန်းနဲ့လူအုပ်ထဲကို ပြန်ထွက်လာပါတယ်။ အိမ်ပြန်ရောက်တော့ သားရေ မင်း ဂုဏ်ထူးသုံးခုနဲ့ အောင်တယ်။ ဆေးကျောင်းရပါ့မလား မသိဘူးလို့ပြောတော့၊ သားဖြစ်သူက ဆေးအမှတ်မှီလည်း သားက မတက်ဘူးပြောတော့ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ ချက်ချင်းပဲအော်ပြီး မရဘူး မင်းဆေးကျောင်းတက်ကို တက်ရမယ်။ ဒါအမိန့်ပဲလို့ပြောလိုက်တယ် သားဖြစ်သူကတော့ သူ့ထုံးစံအတိုင်း မထုံတက်တေးနဲ့ပေါ့၊ အိမ်ကမိသားစုတွေကလည်း ဝိုင်းဝန်းဖျောင်းဖျကြပေမယ့် သားက ဘယ်လိုမှပြောမရဘူး။ အမှတ်စာရင်းတွေတောင်းလို့ အမှတ်စာရင်းထွက်လာတဲ့အခါ သတ်မှတ်ချက်အကုန်လုံး ကိုက်ညီနေတာတောင် ဆေးကျောင်းမတက်ချင်ဘူးဆိုပြီး အကျောက်ကန်ငြင်းနေတာ ဘယ်လိုမှပြောမရဘူး။ ဂုဏ်ပြုဧည့်ခံပွဲလုပ်တော့ သားရဲ့ဆရာမတွေက ကလေးဝါသနာပါတာပဲ လျှောက်ပါစေတဲ့၊ ဝါသနာမပါဘူးဆိုရင် တစ်ဝက်တစ်ပျက်နဲ့ဆိုပိုဆိုးသွားလိမ့်မယ်ဆိုပြီးပြောကြပါတယ်။ ကျွန်တော့် အသိုင်းအဝိုင်း မိတ်ဆွေတွေကလည်း နားချကြတော့ ကျွန်တော်လည်း လက်ခံခဲ့ရတာပေါ့။ ဆရာဝန်ရဲ့အဖေဖြစ်ချင်တဲ့ ကျွန်တော့်အိပ်မက်ကတော့ နွေလယ်ညရဲ့သန်းခေါင်ယံအချိန်မှာ အိပ်ရာက လန့်နိုးလာသူတစ်ယောက်လို ဖြစ်သွားရပြီလေ။ သားဖြစ်သူက ဖေဖေရယ် ဆရာဝန့် အဖေမဖြစ်လည်း အင်ဂျင်နီယာ့ အဖေတော့ ဖြစ်ပါသေးတယ်တဲ့ဗျာ။ ကောင်းရော၊ ဟော့ ငါက ဆရာဝန့်အဖေပဲဖြစ်ချင်တာကွလို့ မာန်လိုက်တော့ ပြုံးဖြဲဖြဲနဲ့ ထွက်သွားလေရဲ့။

တက္ကသိုလ်ဝင်ခွင့်ဖောင်တွေတင်ကြတော့ သူဝါသနာကြီးတဲ့ မန္တလေးနည်းပညာတက္ကသိုလ်ကို လျှောက်တာပေါ့။ နည်းပညာတက္ကသိုလ်ဆိုလည်းမဆိုးပါဘူး၊ Civil,Ep,Ec,Arch,Mech တို့ဆို လိုင်းကောင်းတယ်မဟုတ်လား၊ အဲ့တာကိုဗျာ ကျွန်တော့်သားက ဘာလျှောက်တယ်ထင်လည်း။ CEIT ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာတဲ့ကောင်းရောဗျို့။ ဒါနဲ့ကျွန်တော်လည်း သူ့ကိုထပ်ပြီး ပြောရပြန်တယ် အေး သားကြီးမင်းကြိုက်တာ၊ မင်းဝါသနာပါတဲ့ ဘာသာရပ်ကိုမင်းလျှောက်တာနော်၊ ထူးချွန်အောင်လုပ်ဖို့ မင်းတာဝန်ဖြစ်သွားပြီ၊ ဖေဖေက မင်းကို အလိုလိုက်ပြီး ဖေဖေ့ဆန္ဒကို ချိုးနှိမ်ထားတာ မင်းလျှောက်ရမယ့်လမ်းကိုမင်းဘာသာ မင်းဖောက်တာ ကောင်းကောင်း၊ ကြမ်းကြမ်း မင်းပဲဆက်လျှောက်ရမှာ နောက်ပြန်လှည့်လို့မရဘူးနော်လို့ ပြောပြီး ကျွန်တော်ကိုယ်တိုင်စပ်ထားပြီး မန္တလေးနေ့စဉ်သတင်းစာမှာ ပါခဲ့တဲ့ လမ်းဆိုတဲ့ကဗျာလေးကိုရွတ်ပြလိုက်တယ်။

'လမ်း'

- မင်းဖောက်တဲ့လမ်း ကြမ်းတမ်းခဲ့လည်း
  အားမာန်ကိုတင်း ဉာဏ်ကိုရင်းကာ
  ဆက်လျှောက်ရမှာ မင်းတာဝန်ပဲ။
- မင်းဖောက်တဲ့လမ်း ချောမွေ့ကောင်းမွန်
  ဖြောင့်တန်းနေလည်း ပျော်ရွှင်စွာနဲ့
  ဆက်လျှောက်ရမှာ မင်းတာဝန်ပဲ။
- မင်းလျှောက်တဲ့လမ်း ကွေ့ကောက်များစွာ ရှိခဲ့ပါလည်း
  စိတ်ဝယ်မမှု အံတုရင်ဆိုင်
  ဖြတ်ကျော်ရမှာ မင်းတာဝန်ပဲ။
- မင်းဖောက်တဲ့လမ်း ခလုတ်ကန်သင်း
  ချိုင့်ဝှမ်းများစွာ ရှိနေပါလည်း
  ခလုတ်ကိုရှင်း ချိုင့်ကိုဖို့ကာ
  ဆက်လျှောက်ရမှာ မင်းတာဝန်ပဲ။
- မင်းဖောက်တဲ့လမ်း ကွေ့ကောက်များနဲ့
  ခလုတ်ကန်သင်း တားဆီးများစွာ
  ရှိနေပါလည်း မင်းရဲ့ဘဝ၊ မင်းရဲ့ပန်းတိုင်
  မင်းရည်မှန်းချက် အောင်မြင်ပြည့်ဝ
  လိုရာရောက်ဖို့ ဆက်လျှောက်ရမှာ
  မင်းတာဝန်ပဲ။

အဲ့ဒီကဗျာလိုပဲ သားကြီး မင်းလည်းကိုယ်ဖောက်တဲ့လမ်းကိုယ်တိုင် လျှောက်လှမ်းပြီးအောင်မြင်ဖို့အတွက် အရာရာကိုသည်းခံပြီး ဖွဲလုံ့လနဲ့ ကျော်ဖြတ်ပါလို့ ပြောလိုက်ရပါတယ်။ မိတ်ဆွေတို့ရေ မိဘနဲ့သားသမီးတွေကြားမှာ မိဘတွေရဲ့ဆန္ဒထက် သားသမီးတွေရဲ့ဆန္ဒကိုဦးစားပေးရတာ မိဘတိုင်းပါပဲဗျာ။ သူတို့လေးတွေ ဝါသနာပါတာကိုလုပ်ပြီး ပျော်ရွှင်နေကြတာ အောင်မြင်နေကြတာကို မြင်နေရရင်မိဘဖြစ်တဲ့ ကျွန်တော်တို့တစ်တွေလည်း ရင်ထဲမှာကြိတ်ပြီး ဝမ်းသာပျော်ရွှင် ကြည်နူးကြရတာမဟုတ်လား၊ ခုဆို ကျွန်တော်လည်း ကျွန်တော့်ရဲ့ အိပ်မက်အာသီသဖြစ်တဲ့ ဆရာဝန့်အဖေ ဖြစ်ချင်တဲ့ အခန်းကဏ္ဍကတော့ဒီမှာပဲ နိဂုံးကမ္ပတ်အဆုံးသတ်သွားခဲ့ပါပြီ။

ဒါပေမယ့်လည်း သားဖြစ်သူရဲ့ဆန္ဒကို ဦးစားပေးခဲ့ရတဲ့ဖခင်တစ်ယောက်အနေနဲ့ကတော့ သားဖြစ်သူ ဝါသနာပါတဲ့လမ်းကို လျှောက်လှမ်းနေတာကြည့်ပြီး ဝမ်းသာနေရတာပေါ့ဗျာ။

နန္ဒလောကမင်း

## လူမှုဝန်ထမ်းဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ရပ်ရွာအခြေပြု(မိန်းမဝတ်) အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

**ပုသိမ်ကြီး မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီး မြို့နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အမျိုးသမီးရေးရာကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ရပ်ရွာအခြေပြုမိန်းမဝတ် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန ပံ့သုကျီခန်းမ၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မီမီစိုးက အဖွင့်အမှာစကားပြောကြားပြီး သင်ထောက်ကူပစ္စည်းများကို သင်တန်းသူ ၂၀ ဦးအား ပေးအပ်ခဲ့သည်။ ထို့နောက် သင်တန်းပို့ချနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အောင်မြေသာစံခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြ၊ ပုသိမ်ကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းအေးနှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်း၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စမ်းသီတာနိုင်၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ နည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မတ် ၃ ရက်မှ ၂၆ ရက်အထိ ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၉၅)





## လူသစ်တန်းဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး မတ် ၁၀**

အားကစားအဆင့်အတန်းမြင့်မားစေရန်နှင့် လူငယ်များကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်၍ ချမ်းအေးသာစံမြို့နယ် ဒေးဝန်းအနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းဇော် ဦးဆောင်မှုဖြင့် လူသစ်တန်းဖူဆယ်ဘောလုံးပြိုင်ပွဲကို မတ် ၅ ရက်က စတင်ကျင်းပလျက်ရှိရာ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒေးဝန်းအနောက်ရပ်ကွက်၊ ရတနာစုရပ်၌ မတ် ၉ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

လူသစ်တန်းဖူဆယ်ဘောလုံးပြိုင်ပွဲကို မတ် ၅ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ပြီး လူသစ်တန်းဘောလုံးအသင်း စုစုပေါင်း ၄၃ သင်းပါဝင်ခဲ့ပြီး ရှုံး၊ ထွက်စနစ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ဆုရရှိသော အသင်းများအား ငွေသားဆုများ၊ ဂုဏ်ပြုတံဆိပ်များ၊ တံခွန်စိုက်ဆုများ၊ အကောင်းဆုံး ဂိုးသမားဆုနှင့် အကောင်းဆုံး တိုက်စစ်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဒေးဝန်းအနောက်ရပ်ကွက်အနေဖြင့် လူသစ်တန်းဖူဆယ်ပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းဇော်နှင့် ရာအိမ်မှူးများ၊ ရပ်မိ၊ ရပ်ဖများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ချမ်းမြေ့မောင်(ချမ်း/စ)

## ဒေသထွက်နှင့် နယ်ထွက် မန်ကျည်းသီးမှည့်များ ဈေးကွက်အတွင်း စတင်ဝင်ရောက်လာ

**မန္တလေး မတ် ၁၀**

ယခုနှစ် မန်ကျည်းသီးမှည့်ရာသီ စတင်ဝင်ရောက်လာပြီဖြစ်၍ ဒေသအတွင်း ထွက်ရှိမှုများအပြင် အခြားတိုင်းနှင့် ပြည်နယ်များမှလည်း တင်သွင်းဝင်ရောက်မှုများရှိနေကြောင်း ဈေးကွက်အတွင်းရှိ ဈေးသည်များထံက သိရသည်။

ဒေသအတွင်း မန်ကျည်းသီးမှည့် ထွက်ရှိမှုအခြေအနေအရ ကျေးလက်ဒေသများမှ ထွက်ရှိသော မန်ကျည်းသီးမှည့်များကို စုဆောင်း၍ မြို့ပေါ်ဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိသည်။ အချို့ကုန်သည်များသည် အိမ်တွင်းသုံးနှင့် စားသောက်ဆိုင်သုံးအတွက် သန့်စင်ထုပ်ပိုးပြီး ပြန်လည်ဖြန့်ဖြူးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မန်ကျည်းသီးမှည့် ထုတ်လုပ်မှုဖြစ်စဉ်တွင် အသီးရွေးခြင်း၊ အခွံခွာခြင်း၊ အစိုဓာတ်လျှော့ခြင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်းစဉ်များကို အဓိကလုပ်ဆောင်ရသဖြင့် လက်ရှိတွင် လုပ်သားအင်အားခနှင့် သယ်ယူပို့ဆောင်ခစရိတ်များ မြင့်တက်လျက်ရှိသည်။

ယင်းသို့ သယ်ယူပို့ဆောင်စရိတ်များ မြင့်တက်လာခြင်းကြောင့် အခြားတိုင်းနှင့် ပြည်နယ်များမှ တင်သွင်းလာသော မန်ကျည်းသီးမှည့်များ၏ ဈေးနှုန်းမှာ ဒေသထွက် မန်ကျည်းသီးများထက် အနည်းငယ် ပိုမိုမြင့်တက်လေ့ရှိသည်ဟု ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသည့် ဈေးနှုန်းအခြေအနေအရ ၂၀၂၆ ခုနှစ် မတ် ပထမပတ်အတွင်း မန်ကျည်းသီးမှည့်(အခွံမပါ၊ အစေ့လွတ်) တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ မှ ၁၁၀၀၀ အထိ ရောင်းချလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)



## တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စာဖြေဌာနများ ပြင်ဆင်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**ဆီဆိုင် မတ် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စာဖြေဌာနများ ပြင်ဆင်ထားရှိမှု အခြေအနေများကို မတ် ၉ ရက် နံနက် ၈ နာရီခွဲက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခွန်ကျော်ရန်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သည့်အဖွဲ့တို့က တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာဖြေဌာနများဖြစ်သည့် အ.ထ.က(ဆီဆိုင်)၊ အ.ထ.က (ဘန်းယဉ်)နှင့် အ.ထ.က(ဆိုက်ခေါင်)ကျောင်းများအား ကွင်းဆင်းစစ်ဆေးကြပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ စာဖြေခန်းများတွင် အလင်းရောင်ကောင်းမွန်စွာရရှိရေး၊ သောက်သုံးရေ လုံလောက်စွာရရှိရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ သန့်ရှင်းရေး ကောင်းမွန်စေရေးနှင့် မီးဘေးလုံခြုံရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးနှင့် အနှောင့်အယှက်မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(မန္တလေးနေ့စဉ်-၅)



## ပဲမျိုးစုံသီးနှံ စုပေါင်းရောင်းချပွဲပြုလုပ်ပေးခြင်းကြောင့် သီးနှံလာရောက်ရောင်းချသည့် တောင်သူများဖြင့် စည်ကား

**ပွင့်ဖြူ မတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း(FFA)က တိုင်းဒေသကြီးတောင်သူဖွံ့ဖြိုးရေးအဖွဲ့၊ မြင့်မြတ်တော်ဝင်သီးနှံရောင်းဝယ်ရေးကုမ္ပဏီ၊ Good Brother သီးနှံရောင်းဝယ်ရေးကုမ္ပဏီတို့နှင့် ပူးပေါင်း၍ မင်းဘူးမြို့နယ်၊ စကုမြို့ရှိ ဝါစက်ရုံ၌ တောင်သူအစုအဖွဲ့များ စုပေါင်းပြီး ပဲမျိုးစုံသီးနှံ စုပေါင်းရောင်းချပွဲ ကျင်းပပေးလျက်ရှိရာ မတ် ၉ ရက် နံနက်ပိုင်းတွင် ပဲမျိုးစုံသီးနှံ လာရောက်ရောင်းချသည့် ဒေသခံတောင်သူများဖြင့် စည်ကားလျက်ရှိသည်။

"တောင်သူတွေအတွက် ပဲမျိုးစုံသီးနှံများ အဆင်ပြေစွာ ရောင်းချနိုင်ရန်အတွက် မင်းဘူးမြို့နယ်၊ စကုမြို့ရှိ ဝါစက်ရုံမှာ တောင်သူအစုအဖွဲ့များ ပူးပေါင်းပြီးတော့ ပဲမျိုးစုံသီးနှံစုပေါင်းရောင်းချပွဲကို ပြုလုပ်ပေးတာ ဖြစ်ပါတယ်။ ပဲမျိုးစုံသီးနှံ စုပေါင်းရောင်းချပွဲကို ပွင့်ဖြူမြို့နယ်တောင်သူဖွံ့ဖြိုးရေးအဖွဲ့က တိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့၊ မြင့်မြတ်တော်ဝင် သီးနှံရောင်းဝယ်ရေးကုမ္ပဏီ၊ Good Brother သီးနှံရောင်းဝယ်ရေး ကုမ္ပဏီတို့နဲ့ ပူးပေါင်းပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ ယခုလို ဆောင်ရွက်ရခြင်းရဲ့ ရည်ရွယ်ချက်က ဒေသခံတောင်သူတွေ အချိန်ကုန်လူပင်ပန်းသက်သာစွာနဲ့ သီးနှံများ ရောင်းချခွင့်ရရှိဖို့၊ သင့်တင့်တဲ့ ဈေးနှုန်းများ မှန်မှန်ကန်ကန် ရရှိစေဖို့နဲ့ သီးနှံစိုက်ပျိုးထုတ်လုပ်မှုစွမ်းအားတွေ တိုးတက်လာစေဖို့ ရည်ရွယ်ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း ဥက္ကဋ္ဌ ဦးမြင့်အောင်က ပြောသည်။

အဆိုပါ တောင်သူအစုအဖွဲ့များ စုပေါင်းပြုလုပ်သည့် ပဲမျိုးစုံသီးနှံ စုပေါင်းရောင်းချပွဲကို မတ် ၁ ရက်မှစ၍ ဧပြီ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီအထိ သီးနှံများကို ဝယ်ယူဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ သီးနှံများ ဝယ်ယူရာ၌ ပဲသီးနှံအမျိုးအစားအလိုက် အရည်အသွေးခွဲခြား၍ ဝယ်ယူလျက်ရှိပြီး မတ် ၉ ရက်တွင် ဝယ်ယူသည့် သီးနှံဈေးနှုန်းများအနေဖြင့် ကုလားပဲ 929 တစ်တင်းလျှင် ငွေကျပ် ၇၅၃၀၀၊ ကုလားပဲ(ဟော်လန်) တစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀၊ စားတော်ပဲတစ်တင်းလျှင် ငွေကျပ် ၂၁၅၀၀၀၊ ထောပတ်ပဲ တစ်တင်းလျှင် ငွေကျပ် ၇၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

(၄၄၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ ॥

## ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် Soft Skill သင်တန်း ဖွင့်လှစ်



**ပြင်ဦးလွင် မတ် ၁၀**

နွေရာသီ ကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် Soft Skill သင်တန်း ဖွင့်ပွဲကို မတ် ၉ ရက်နံနက် ၉ နာရီက ကျင်းပခဲ့ရာ ရေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းနည်းပြအဖြစ် ဦးအောင်မျိုးပိုင် ( Human Resource Management Consultant)က Soft Skill နှင့်ပတ်သက်သောအကြောင်းအရာများ၊Communication Skills နှင့် ခေါင်းဆောင်တစ်ယောက်တွင် ရှိရမည့် အရည်အချင်းများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါ Soft Skill သင်တန်းအား ပြင်ဦးလွင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး မတ် ၉ မှ ၁၃ ရက်အထိ ငါးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

သွေးသွေး(ခရိုင်-ပြန်/ဆက်)

*-*-*-*-*-*-*



## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာန ၂၃ ခုတွင် ကျောင်းသား၊ ကျောင်းသူ ၁၀၁၁၉ ဦး ဝင်ရောက်ဖြေဆိုမည်

**မိတ္ထီလာ မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာန ၂၃ ခုတွင် ကျောင်းသား၊ကျောင်းသူ ၁၀၁၁၉ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း ခရိုင်ပညာရေးမှူးရုံးမှ သိရသည်။

မိတ္ထီလာခရိုင် ပညာရေးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် စာစစ်ဌာန ၂၃ ခု ဖွင့်လှစ်၍ တက္ကသိုလ်ဝင်စာမေးပွဲကို ကျင်းပသွားမည်ဖြစ်သည်။ ထိုသို့ ကျင်းပရာတွင် မိတ္ထီလာမြို့နယ်၌ စာစစ်ဌာန ကိုးခုတွင် ကျောင်းသား၊ကျောင်းသူ ၄၆၈၇ ဦး၊ မလှိုင်မြို့နယ်၌ စာစစ်ဌာန ငါးခုတွင် ကျောင်းသား၊ ကျောင်းသူ ၂၃၄၃ ဦး၊ သာစည်မြို့နယ် စာစစ်ဌာနငါးခုတွင် ကျောင်းသား၊ ကျောင်းသူ ၁၆၃၉ ဦးနှင့် ဝမ်းတွင်းမြို့နယ် စာစစ်ဌာနလေးခုတွင် ကျောင်းသား၊ ကျောင်းသူ ၁၄၅၀ ဦး ရှိကြောင်း သိရသည်။ (အပေါ်ပုံ) (၄၆၉)

## မဟာအောင်မြေမြို့နယ်၌ သတ်မှတ်ရက်များအလိုက် မော်တော်ယာဉ်များ စုံ၊မ မောင်းနှင်အသုံးပြုရေး ပညာပေးဆောင်ရွက်

**မန္တလေး မတ် ၁၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ သတ်မှတ်ရက်များအလိုက် မော်တော်ယာဉ်များ စုံ၊မ မောင်းနှင်အသုံးပြုရေးအတွက် ပညာပေးခြင်းများကို ယမန်နေ့မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။



မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်တွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမင်းနိုင်ဦးစီးသောအဖွဲ့၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းခိုင် ဦးစီးသောအဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမှတ်(၉၀)တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဦးငွေထွန်း ဦးစီးသော တပ်ဖွဲ့ဝင်များ၊ အမှတ်(၉)မြို့မ ရဲစခန်း ဒုတိယရဲအုပ်ဆန်းယု ဦးစီးသော တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်နန္ဒနှင့် အဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် မြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်များ စီးနင်းမောင်းနှင်မှုမရှိစေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံမှုရှိစေရေးနှင့် စက်သုံးဆီ ခြိုးခြံချွေတာရေးအတွက် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား စုံ၊ မ သတ်မှတ်၍ စည်းကမ်းချက်များနှင့်အညီ မောင်းနှင်စေရေး အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) (၀၅၆)

## တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသော လီလီပန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



**ကျောက်တလုံးကြီး မတ် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့တွင် မိသားစုအပိုဝင်ငွေရရှိရန် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသော လီလီပန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

လီလီပန်းများ စိုက်ပျိုးရာတွင် လီလီပန်းမျိုးဥများ အရည်အသွေးကောင်းမွန်ပြီး လတ်ဆတ်ကာ အမြစ်များရှင်သန်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမည့်စိုက်ပေါင်နှင့် စိုက်ကျင်းအနက်တို့သည် မျိုးဥပေါ်မူတည်၍ ပြုလုပ်ပေးရပြီး မျိုးဥမချမီ စိုက်ပေါင်ကို နွားချေး၊ အာမိုနှင့် ဒီစူပါ မြေဩဇာများရောစပ်၍ ထည့်ကာရေဖြင့် ခြောက်နာရီခန့် ကြိုတင်နှပ်ထားပြီးမှ မျိုးဥချရကြောင်း၊ လီလီပန်းပင်များ စိုက်ပျိုးရာတွင် တွင်းအနက်အနည်းဆုံး ခြောက်လက်မလိုအပ်ပြီး တစ်ပင်နှင့်တစ်ပင်ကြား ခြောက်လက်မခြား စိုက်ပျိုးရကြောင်း၊ လီလီပန်းများသည် နေရောင်ခြည်ကြိုက်သော်လည်း အေးသောရာသီဥတုကို နှစ်သက်သောကြောင့် အပူဒဏ်ခံနိုင်ရန် အမိုးများ မိုးထားပေးရန်လိုအပ်ကြောင်း၊ စိုက်ပျိုးပြီး နှစ်ရက်လျှင် တစ်ကြိမ် ရေလောင်းပေးရပြီး ပေါင်းမြက်ပေါက်ရောက်မှုအပေါ်မူတည်၍ တစ်လတစ်ကြိမ်ခန့် ပေါင်းရှင်းပေးရန် လိုအပ်သည်။

လီလီပန်းမျိုးကွဲပေါင်း ၁၀၀ ကျော် ရှိပြီး အရောင်အားဖြင့် အဖြူ၊ အဝါ၊ ခရမ်း၊ အနီရောင်များရှိကြောင်း၊ လီလီပန်းများသည် စိုက်ပျိုးပြီး ရှစ်လကြာမှ ပန်းများ ခူးယူနိုင်ကြောင်း၊ ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် အဖြူရောင်လီလီပန်းမျိုးကို စိုက်ပျိုးခဲ့ပြီး ၂၀၂၆ ခုနှစ် ဧပြီလတွင် လီလီပန်းများ စတင်ခူးယူနိုင်မည်ဖြစ်ကြောင်းနှင့် ဖွန်လကုန်အထိ ပန်းများ ခူးယူရောင်းချနိုင်သဖြင့် မိသားစုအပိုဝင်ငွေရရှိကြောင်း လီလီပန်းစိုက်ပျိုးသူ ဒေါ်နန်းစွဲထံက သိရသည်။

(အပေါ်ပုံ)

(၃၆၈)

## ကျေးရွာအုပ်စု ၁၂ အုပ်စု၌ နွေနှမ်းနှင့် နွေစပါး ဧက ၆၀၀၀ ကျော် လျာထားစိုက်ပျိုး

**ကျောက်ဆည် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၌ ဆည်ရေဖြင့် ဒေသန္တရစီမံကိန်းလျာထားချက် ရေးဆွဲ၍ နွေသီးနှံမျိုးစုံ ၅၂၇၁၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ပြီး ယခုအချိန်၌ မင်းရဲ၊သင်းတွဲ၊ နွားတက်၊ မြောင်းရေများဖြင့် ကျေးရွာအုပ်စု ၁၂ အုပ်စု၌ နွေနှမ်းနှင့် နွေစပါး ဧက ၆၀၀၀ ကျော် လျာထားကာစတင်စိုက်ပျိုးနေပြီ ဖြစ်သည်။

ထိုသို့ စိုက်ပျိုးရာ၌ မင်းရဲမြောင်းရေဖြင့် တောင်နောက်ကျေးရွာအုပ်စု၌ နွေနှမ်း ၃၀၂ ဧက၊ နွေစပါး ဧက ၁၄၀၊ သင်တောင်းကျေးရွာအုပ်စု၌ နွေနှမ်း ၃၇၇ ဧက၊ နွေစပါး ၄၃၇ ဧက၊ အင်ဒိုင်းကျေးရွာအုပ်စု၌ နွေနှမ်း ၃၄၇ ဧက၊ နွေစပါး ၃၇၈ ဧက၊ ကြက်မင်းတွန်ကျေးရွာအုပ်စု၌ နွေနှမ်း ၂၄ ဧက၊ နွေစပါး ၁၀ ဧက၊ ဖောင်ရှာကျေးရွာအုပ်စု၌ နွေနှမ်းကိုးဧက၊နွေစပါးတစ်ဧက၊ သင်းတွဲမြောင်းရေဖြင့် ပတ္တာကျေးရွာအုပ်စု၌ နွေနှမ်း ၈၈ ဧက၊ ဧက ၄၃၀၊ ပင်တလယ်ကျေးရွာအုပ်စု၌ ၂၈၁ ဧက၊ နွေစပါး ၅၇၃ ဧက၊ နွားတက်မြောင်းရေဖြင့် ပတ္တာကျေးရွာအုပ်စု၌ နွေနှမ်း ၉၁ ဧက၊ နွေစပါး ၂၂၁ ဧက၊ပြည်ပန်းကျေးရွာအုပ်စု၌ နွေနှမ်း ၂၃၉ ဧက၊ နွေစပါး ၁၈၅ ဧက၊ သမန္တလင်းကျေးရွာအုပ်စု၌ နွေနှမ်း ဧက ၈၂၀ ၊ မြင်းကဘက်ကျေးရွာအုပ်စု၌ ၃၇၉ ဧက၊ နွေစပါး ဧက ၄၀၊ မုန့်ပေါင်းကျေးရွာအုပ်စု၌ နွေနှမ်း ၃၈၃ ဧက၊ လက်ပံဇင်ကျေးရွာအုပ်စု၌ ၃၀၁ ဧက၊ နွေစပါး ၁၂ ဧက စိုက်ပျိုးသွားမည်ဖြစ်သည်။

နွေနှမ်းနှင့် နွေစပါးသီးနှံများ စိုက်ပျိုးနိုင်ရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြေပြင်၊ ပျိုးထောင်၊ စိုက်ပျိုးရေများ ပြည့်ဝစွာပေးလျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြေ၊မျိုး၊ပိုးတာဝန်ခံများမှလည်း သီးနှံများ အောင်မြင်ဖြစ်ထွန်းရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၈၅)

*-*-*-*-*-*-*

## စာမေးပွဲဖြေဆိုမည့် စာသင်ကျောင်း၏ပတ်ဝန်းကျင်အနီးတွင် သန့်ရှင်းရေးဆောင်ရွက်



**မူဆယ် မတ် ၁၀**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ယနေ့နံနက် ၈ နာရီက Grade-12 စာမေးပွဲဖြေဆိုရမည့် မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်ရှိ အထက(၂) စာသင်ကျောင်းအနီးတွင် စက္ကူများ၊ အမှိုက်များမရှိစေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့သည်။ အဆိုပါလုပ်ငန်းအား မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး(ဒုတိယညွှန်ကြားရေးမှူး)၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန သန့်ရှင်းရေးဌာနစိတ်မှ ဝန်ထမ်းအင်အား ၃၀ ဦးဖြင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ကဆ)




## အင်္ကျီလည်ပင်းပုံစံအလိုက် လိုက်ဖက်ညီမယ့် လည်ဆွဲရွေးချယ်နည်း




လက်ဝတ်ရတနာတွေ ဝတ်ဆင်ခြင်းဟာ ကိုယ့်ရဲ့အသွင်အပြင်ကို ပိုကြည့်ကောင်းအောင် ပံ့ပိုးပေးနိုင်ပါတယ်။ လက်ဝတ်ရတနာတွေ ဝတ်ဆင်တဲ့အခါမှာလည်း ဝတ်မယ့်အဝတ်အစားနဲ့ လိုက်ဖက်မယ့်ပုံစံမျိုးကို ရွေးချယ်တတ်ဖို့ကလည်း အရေးကြီးပါတယ်။ လက်ဝတ်ရတနာတွေထဲကမှ လည်ဆွဲ၊ ဆွဲကြိုးတွေ ဝတ်တဲ့အခါမှာ အဝတ်အစားပုံစံနဲ့ လိုက်ဖက်ညီအောင် ရွေးချယ်ဝတ်ဆင်နည်းကို ဖော်ပြပေးလိုက်ပါတယ်။

လည်ပင်းအမြင့်၊ လည်ပင်းပိတ်အင်္ကျီတွေနဲ့ဆိုရင် လည်ဆွဲအရှည် (Long Necklace) ဒါမှမဟုတ် ဆွဲသီးအကြီးပါတာမျိုးတွေက ပိုပေါ်လွင်စေပါတယ်။ ပခုံးဟိုက်တာမျိုးဆိုရင် လည်ဆွဲအသေးလေးတွေကို ထပ်ဆင့်ဝတ်တာ (Layered) ဒါမှမဟုတ် လည်ပင်းနဲ့ကပ်နေတဲ့ ဆွဲသီးအသေးလေးတွေက ပိုလှပါတယ်။အင်္ကျီရဲ့ V ပုံစံအတိုင်း အောက်ဘက်ကို ဦးတည်နေတဲ့ လည်ဆွဲပုံစံမျိုးတွေနဲ့ အလိုက်ဖက်ဆုံးပါ။ ရင်ဘတ်အဝိုက်ပုံစံတွေနဲ့ဆိုရင် လည်ပင်းနားကပ်တဲ့ ဆွဲသီးအဝိုင်းပုံစံ ဒါမှမဟုတ် အလယ်အလတ်အရှည်ရှိတဲ့ လည်ဆွဲလေးတွေက လိုက်ဖက်ပါတယ်။ လည်ပင်းသိုင်းပုံစံတွေနဲ့ဆိုရင် လည်ဆွဲအရှည် (သို့မဟုတ်)အထပ်လိုက်ပါတဲ့ လည်ဆွဲတွေက ကြည့်ကောင်းစေပါတယ်။ ပခုံးတစ်ဖက်စောင်းအင်္ကျီတွေနဲ့ဆိုရင် ဆွဲသီးအရှည် (သို့မဟုတ်) ရိုးရိုးရှင်းရှင်း လည်ဆွဲလေးတွေက အမြင်တင့်တယ်စေပါတယ်။

**Daisy**



## အပူဒဏ်ကို အန်တုပြီး လန်းဆန်းနေစေမယ့် နွေရာသီဖက်ရှင်ရွေးချယ်နည်း

မြန်မာနိုင်ငံရဲ့ ပူပြင်းတဲ့ နွေရာသီမှာ လန်းဆန်းနေဖို့ဆိုရင် အဝတ်အစားရွေးချယ်မှုက အလွန်အရေးကြီးပါတယ်။ အိုက်စပ်မှုဒဏ်ကို ခံနိုင်ရည်ရှိပြီး စတိုင်လ်ကျနေစေမယ့် နွေရာသီဖက်ရှင်တွေ ဘယ်လိုဝတ်ဆင်ရမလဲဆိုတာ ဖော်ပြပေးလိုက်ပါတယ်ရှင်။

(၁) နွေရာသီမှာ ဖက်ရှင်ကျဖို့ထက် ပိုအရေးကြီးတာက သက်သောင့်သက်သာရှိဖို့ပါ။ ဒါကြောင့် အသားအရေကို အသက်ရှူရလွယ်ကူစေမယ့်အချက်တွေကို ဦးစားပေးသင့်ပါတယ်။

(၂) ချည်သားစစ်စစ်နဲ့ ပိတ်ချောသားတွေကို ရွေးချယ်ပါ။ ဒီအသားတွေက ချွေးစုပ်ယူမှုကောင်းပြီး လေဝင်၊ လေထွက်ကောင်းမွန်စေပါတယ်။ နိုင်လွန် ဒါမှမဟုတ် ပိုလီစတာ ပါဝင်မှုများတဲ့ အသားတွေက ပူတာကြောင့် မရွေးချယ်သင့်ပါဘူး။

(၃) အလင်းပြန်စေတဲ့ အရောင်ဖျော့ဖျော့လေးတွေ ဖြစ်တဲ့ အဖြူ၊ ပန်းနု၊ အပြာနုနဲ့ အဝါနုရောင်တွေကို ဝတ်ဆင်ပါ။ အရောင်ရင့်တွေ(အထူးသဖြင့် အမည်းရောင်)ဟာ အပူကို ပိုစုပ်ယူတာကြောင့် ပိုပြီး အိုက်စပ်စေပါတယ်။

(၄) ကိုယ်ကျပ်အင်္ကျီတွေထက် ခပ်ပွပွဒီဇိုင်းတွေက လေဝင်၊ လေထွက်ပိုကောင်းပြီး ချွေးထွက်တဲ့အခါ အသားမှာ ကပ်မနေဘဲ သက်သောင့်သက်သာ ရှိစေပါတယ်။

**Daisy**

## မျက်လုံးတစ်ဝိုက် ညိုမည်းခြင်း (Dark Circles) ကို ဘယ်လိုဖြေရှင်းမလဲ



မျက်လုံးအောက် ညိုနေတာက သင့်ကို ပင်ပန်းနွမ်းနယ်နေတဲ့ ပုံပေါက်စေပါတယ်။လုံလောက်စွာ အိပ်စက်ခြင်းက ကျန်းမာရေးအတွက် မဖြစ်မနေ လိုအပ်ရုံ တင်မက အလှအပထိန်းသိမ်းဖို့အတွက်ပါ အရေးကြီးတာကြောင့် တစ်ညကို အနည်းဆုံး ၇ နာရီမှ ၈ နာရီအထိ အိပ်စက်ဖို့ လိုပါတယ်။

မနက်နိုးတဲ့အခါ ရေအေးဝတ် (ဒါမှမဟုတ်) အေးနေတဲ့ ဇွန်းနဲ့ မျက်လုံးတစ်ဝိုက်ကို ကပ်ပေးရင် ဖောင်းအစ်တာနဲ့ ညိုတာကို သက်သာစေပါတယ်။

ကဖိန်း (ဒါမှမဟုတ်) Vitamin C ပါဝင်တဲ့ Eye Cream တွေကို လိမ်းပေးခြင်းဖြင့် သွေးလည်ပတ်မှုကောင်းမွန်စေပါတယ်။

**Daisy**

## နွေရာသီအပြင်ထွက်တဲ့အခါ ပါသွားရမယ့် "Must-Have Accessories" များ

အဝတ်အစားအပြင် Accessories တွေကလည်း နွေရာသီဖက်ရှင်ကို ပိုပြီးပြည့်စုံစေသလို နေဒဏ်ကနေလည်း ကာကွယ်ပေးနိုင်ပါတယ်။

**(၁) နေကာမျက်မှန်**

နေကာမျက်မှန်ဟာ ဖက်ရှင်တင်မကဘဲ မျက်လုံးကို ခရမ်းလွန်ရောင်ခြည်(UV)ဒဏ်ကနေ ကာကွယ်ပေးပါတယ်။ ကိုယ့်မျက်နှာကျပုံစံနဲ့ လိုက်ဖက်တဲ့ မျက်မှန်ကို တပ်ဆင်ခြင်းက သင့်ကို ချက်ချင်းဆိုသလို ပိုပြီး စတိုင်လ်ကျသွားစေပါတယ်။




**(၂) ဦးထုပ်**

ကမ်းခြေသွားရင်ဖြစ်ဖြစ်၊ နေပူထဲလမ်းလျှောက်ရင်ဖြစ်ဖြစ် ကောက်ရိုးဦးထုပ်(ဒါမှမဟုတ်) ဘေးလွှာအကြီးကြီးပါတဲ့ ဦးထုပ်လေးတွေက နွေရာသီနဲ့ အလိုက်ဖက်ဆုံးပါ။ မျက်နှာကို နေမလောင်အောင်လည်း အကာအကွယ်ပေးပါတယ်။

**(၃) ဖိနပ်**

ခြေဖုံးဖိနပ်တွေထက် Sandals(သိုင်းကြိုးပါဖိနပ်) ဒါမှမဟုတ် လေဝင်၊လေထွက်ကောင်းတဲ့ ဖိနပ်အပါးတွေကို ရွေးချယ်ပါ။ ခြေထောက်ကို ပေ့ါပါးလန်းဆန်းစေပြီး နွေရာသီ Look ကို ပိုပေါ်လွင်စေပါတယ်။

**Daisy**

0-0-0-0-0

0-0-0-0

## နေပူဒဏ်ကြောင့် အသားမမည်းအောင် ကာကွယ်ပေးမယ့် Sunscreen ရွေးချယ်နည်း

နွေရာသီမှာတင်မကဘဲ တစ်နှစ်ပတ်လုံး အသားအရေ မပျက်စီးအောင် ကာကွယ်ဖို့ နေလောင်ကာခရင်မ်က အရေးကြီးဆုံးပါ။ကိုယ့်ရဲ့ Skin Type နဲ့ ကိုက်ညီပြီး တကယ်ထိရောက်မယ့် နေရောင်ကာခရင်မ် ရွေးချယ်နိုင်ဖို့ ဒီအချက်တွေကို ကြည့်ရပါမယ်။

**(၁) SPF နဲ့ PA အညွှန်းကိန်းကို ကြည့်ပါ။**

ဒါက နေရောင်ကာခရင်မ်ဝယ်ရင် အခြေခံအကျဆုံး ကြည့်ရမယ့် အချက်နှစ်ချက်ပါ။အသားအရေကို လောင်ကျွမ်းစေတဲ့ UVB ရောင်ခြည်ကို ကာကွယ်ပေးပါတယ်။ မြန်မာနိုင်ငံလို ပူပြင်းတဲ့အရပ်မှာ အနည်းဆုံး SPF 30 မှ SPF 50 ကြားရှိတာကို ရွေးချယ်သင့်ပါတယ်။ အရေးအကြောင်းနဲ့ အိုမင်းရင့်ရော်စေတဲ့ UVA ရောင်ခြည်ကို ကာကွယ်ပေးတာပါ။ PA+++ (သို့မဟုတ်)PA++++ ပါတာကို ရွေးချယ်တာက အကောင်းဆုံးအကာအကွယ်ရစေပါတယ်။

**(၂) မိမိ Skin Type နဲ့ ကိုက်ညီမှုရှိပါစေ။**

အသားအရေ အမျိုးအစားပေါ်မူတည်ပြီး အဆီပြန်တာ၊ ဝက်ခြံထွက်တာမျိုးမဖြစ်အောင် ရွေးချယ်ရပါမယ်။ အဆီပြန်၊ ဝက်ခြံလွယ်သော အသားအရေ "Oil-free"(သို့မဟုတ်)"Non-Comedogenic"(ချွေးပေါက်မပိတ်စေသော)လို့ ရေးထားတာကို ရွေးပါ။Gel type(သို့မဟုတ်) Fluid type တွေက အသားထဲ စိမ့်ဝင်လွယ်ပြီး စေးကပ်မှု မရှိစေပါဘူး။

(၃) အသားခြောက်သူတွေကတော့ Moisturizer ပါဝင်တဲ့ Cream type တွေကို ရွေးချယ်ပါ။Hyaluronicacid (သို့မဟုတ်) Ceramides ပါဝင်ရင် အသားအရေ၏ အစိုဓာတ်ပါ တစ်ခါတည်း ဖြည့်ပေးနိုင်ပါတယ်။

**(၄) Sensitive Skin** (အသားအရေ နုနယ်သူများ)တွေကတော့ ဓာတုပစ္စည်းနည်းတဲ့ Physical Sunscreen (Zinc Oxide (သို့မဟုတ်) Titanium Dioxide ပါဝင်တာ)ကို ရွေးချယ်တာက အသားအရေယားယံမှုကို သက်သာစေပါတယ်။

**Daisy**




## မိတ်ကပ်လိမ်းရင် မညီညာဘဲ အကွက်လိုက် (Cakey)မဖြစ်စေဖို့ လျှို့ဝှက်ချက်

မိတ်ကပ်လိမ်းပြီး ခဏကြာရင် မိတ်ကပ်သားက ကွဲအက်တာ၊ အဖတ်ဖတ်တွေဖြစ်လာပြီး မညီညာဘဲအကွက်လိုက် ထူပိတ်ပိတ် (Cakey )မဖြစ်စေဖို့ ဒီအချက်ကို သတိပြုပါ။

(၁) မိတ်ကပ်သား ထူပိတ်ပိတ်နဲ့ အကွက်လိုက်မဖြစ်ဖို့က အသားအရေ စိုပြည်ကောင်းမွန်နေဖို့က အရေးကြီးပါတယ်။ ဒါကြောင့် မိတ်ကပ်မလိမ်းခင် Toner နဲ့ Moisturizer ကို အသားထဲစိမ့်ဝင်အောင် အရင်လိမ်းထားပါ။

(၂) Primer သုံးပါ။ မျက်နှာအသားအရေပေါ်က ချွေးပေါက်ကျယ်တဲ့နေရာတွေမှာ Primer အနည်းငယ် သုံးပေးခြင်းက မိတ်ကပ်သားကို ညီညာစေပါတယ်။

(၃) မိတ်ကပ်ဖော့တုံး (Beauty Blender) ကိုအသုံးပြုပါ။ မိတ်ကပ်လိမ်းတဲ့အခါ ရေစွတ်ထားတဲ့ မိတ်ကပ်ဖော့ (Sponge)ကို သုံးပေးပါ။ မိတ်ကပ်ဖော့နဲ့လိမ်းတာက မိတ်ကပ်သားကို ပါးပါးကြည်ကြည်လေးနဲ့ အသားထဲ တစ်သားတည်းဖြစ်စေပါတယ်။

**Daisy**



## စက်သုံးဆီချွေတာရေးနှင့် အလေးထားလိုက်နာဆောင်ရွက်စေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**တံတားဦး မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် စက်သုံးဆီချွေတာရေးနှင့် ဖူလုံမှုရှိစေရေး စုံရက်၊ မရက်ခွဲခြား၍ မော်တော်ယာဉ်မောင်းနှင်စေမည့်စနစ်အား ယာဉ်အသုံးပြုသူများ အလေးထားလိုက်နာဆောင်ရွက်ကြရန်အတွက် ယမန်နေ့ နံနက်ပိုင်းက တံတားဦးမြို့အဝင်၊ အထွက်တွင် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးခြင်းများကို တံတားဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းထိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့ One Stop Service အဖွဲ့မှ တံတားဦးမြို့အဝင်၊ အထွက်မှ မောင်းနှင်လာသော မော်တော်ယာဉ်များကို အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ နေ့စဉ်မောင်းနှင်ခွင့်ရှိသော မော်တော်ယာဉ်များမှာ လျှပ်စစ်ကား၊ ဆိုင်ကယ်၊ အငှားယာဉ်၊ ဆိုင်ကယ်ကယ်ရီ၊ ဆောက်လုပ်ရေးသုံးယာဉ်၊ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်၊ လူနာတင်၊ နိဗ္ဗာန်ယာဉ်၊ ဆီဘောက်ဆာယာဉ်၊ စည်ပင်သာယာယာဉ်တို့ဖြစ်ပြီး တစ်ရက်ခြားတစ်ခါ မောင်းနှင်ခွင့်ရှိသော အိမ်စီးကားနှင့် ဆိုင်ကယ်အပါအဝင် ကိုယ်ပိုင်ယာဉ်အားလုံးတို့ ပါဝင်ကြောင်း၊ နိုင်ငံအတွင်း စက်သုံးဆီခြိုးခြံချွေတာရေးနှင့် ဖူလုံမှုရှိစေရေးတို့အတွက် ၂၀၂၆ ခုနှစ်၊ မတ်လဆန်းပိုင်းတွင် ထုတ်ပြန်ခဲ့သော စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေးအတွက် ပြည်သူသို့ အသိပေးကြေညာချက်အား ၂၀၂၆ခုနှစ်၊ မတ်လ ၇ရက်မှ ၁၃ရက်အထိ ပညာပေးကာလအဖြစ်သတ်မှတ်၍ အသိပညာပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လိုက်နာဆောင်ရွက်ခြင်း မရှိသူများအား မတ် ၁၄ရက်မှစတင်၍ ရာဇသတ်ကြီး ၁၈၈ အရ အလုပ်မဲ့ထောင်ဒဏ် တစ်လ၊ ဒဏ်ကြေးငွေကျပ် နှစ်သောင်း(သို့မဟုတ်) ဒဏ်နှစ်ရပ်တို့ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



(ဓဲပုံ)

(၄၀၉)

၀-၀-၀-၀-၀-၀-၀

## ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ စာစစ်ဌာနသုံးခုဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၅၃၂ ဦး ဝင်ရောက်ဖြေဆိုမည်

**မြို့သစ် မတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ၂၀၂၆ ခုနှစ်၊ မတ် ၁၁ ရက်တွင် စတင်ဖြေဆိုမည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၄၀၂ ဦးနှင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေး(မြေပြင်သာ) ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၃၀ ဦး၊ စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၁၅၃၂ ဦး ဝင်ရောက်ဖြေဆိုမည် ဖြစ်သည်။

မြို့သစ်မြို့နယ်တွင် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အထက-၁ (မြို့သစ်) စာစစ်ဌာနနှင့်အထက (ဝါးကြီးအိုင်) စာစစ်ဌာန နှစ်ခုသာထားရှိပြီး ယခုနှစ် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အထက -၁ (မြို့သစ်) စာစစ်ဌာန၊ အထက(ဝါးကြီးအိုင်)စာစစ်ဌာနနှစ်ခုအပြင် အထက-မြေပြင်သာ(စက်မှု၊ စိုက်ပျိုးမွေးမြူရေး)စာစစ်ဌာနတို့ဖြင့် စုစုပေါင်းစာစစ်ဌာန သုံးခုဖြင့် ကျင်းပမည်ဖြစ်ပြီး အထက-၁ (မြို့သစ်)စာစစ်ဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ အတွင်းဖြေ၊ ပြင်ပဖြေစုစုပေါင်း ၆၈၂ ဦး၊ အထက(ဝါးကြီးအိုင်) စာစစ်ဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ အတွင်းဖြေ၊ ပြင်ပဖြေ စုစုပေါင်း ၇၂၀ ဦး၊ အထက-မြေပြင်သာ(စက်မှု၊ စိုက်ပျိုးမွေးမြူရေး)စာစစ်ဌာနတွင် စက်မှုအတတ်ပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ မွေးမြူရေးအတတ်ပညာဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ ၁၃၀ ဦး စုစုပေါင်း တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ ၁၅၃၂ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

(အောက်ပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**



ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။



## အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဖွင့်လှစ်

**တာချီလိတ် မတ် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်ပွဲကို မတ် ၉ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ပန်းချီပညာရပ်၏ အခြေခံသဘောတရားများကို သိရှိနားလည်စေရန် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ပြောကြားပြီး ပန်းချီပညာရှင် ဦးမောင်ကိုကိုက မျဉ်းဖြောင့်၊ မျဉ်းကွေး၊ မျဉ်းကောက်စသည့် မျဉ်းကြောင်းများ အခြေခံ၍ ပန်းချီဆွဲနည်းအမျိုးမျိုး၏ အခြေခံသဘောတရားများကို အလွယ်တကူတတ်မြောက်စေရန် စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

(ယာပုံ)

အဆိုပါ သင်တန်းကို ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၆ ဦးအား မတ် ၉ ရက်မှ ၁၁ ရက်အထိ အခမဲ့သင်ကြားပို့ချပေး သွားမည်ဖြစ်ပြီး တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အချိုရည်နှင့် မုန့်များ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**ကျော်စေယျာလင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဦးခိုက်ပန်ထွာ မြတ်ဆရာ

* အကျွန်တို့ ဆရာ၊ ကရုဏာရှင်
စာနာ တတ်သိ၊ မြတ်ကဝိကား ။

* မျက်စိမှုန်မှုန်၊ လက်တုန်တုန်နှင့်
ထုံထုံနားထိုင်း၊ ခါးချည့်ကိုင်းလည်း။

* တုံ့ဆိုင်း တုံ့ဆိုင်း၊ ခြေလှမ်းတိုင်းတွင်
ထုံ့ပိုင်းထုံ့ပိုင်း၊ ကြောခြင်ပြိုင်းလည်း။

* အသံသြဇာ၊ အောင်ဓာတ်ပါလို့
ဘာစာသင်သင်၊ ရှင်းကြည်လင်၏
ရင်မှာကြည်နူး၊ ပီတိဖူးခဲ့။

* အသံ၏ဂုဏ်၊ ပြီးပြည့်စုံလို့
ကြုံလာသင်ပြ၊ ချက်ချင်းရ၏
ရင်ဝမောပြေ၊ ပီတိဝေခဲ့။

* ဩဝါဒ ချို၊ နေ့စဉ်ဆို စဉ်
ငြိုငြင် ကင်းကွာ၊ မြရိပ်ကြာ နယ်
မျက်နှာ ရွှင်ပျ၊ အေးငြိမ်းလှ၏။

* ဆရာ့ ပုံရိပ်၊ စက်ရိုက်နိပ်သို့
သည်းထိပ်မှ လွမ်း၊ နှလုံးကျွမ်းပေါ့
ကမ်းခြေပမာ၊ စေတနာကို
စမ်းရေပမာ၊ အကြင်နာကို
လမ်းမြေပမာ၊ ဝါသနာကို
ငြိမ်းကြေပမာ၊ အနစ်နာကို
ရင်မှာမြတ်နိုး၊ ဝတ်ရည်နှိုးသို့
ပန်းပျိုးဝေဆာ ဖြာစေသတည်း
ပန်းမိုးစွေရွာ သာစေသတည်း။ ။

**အိမ်တင်အေး(ပုလဲ)**



# မြကျိုင်းတောင် မင်းစုမင်းခစေတီတော်ကြီးအား ဘက်စုံမွမ်းမံပြုပြင်ခြင်းနှင့် ထီးတော်သစ်တင်လှူပူဇော်ပွဲ ကျင်းပ



**ပျော်ဘွယ် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့၊ ပြည်သာယာ ရပ်ကွက်၌ မန္တလေးငလျင်ကြီး ကြောင့် ထိခိုက်မှုဖြစ်ပွားခဲ့သော မြကျိုင်းတောင်၊ မင်းစုမင်းခစေတီတော်ကြီးအား ဘက်စုံမွမ်းမံပြုပြင်ခြင်းနှင့် ထီးတော်သစ်တင်လှူပူဇော်ခြင်း မင်္ဂလာကို မတ် ၈ ရက် နံနက် ၇ နာရီခွဲက စေတီတော်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ထီးတော်တင်ပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို၍ ထီးတော်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာသည့် အလှူရှင်များ၊ ပြည်သူများက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဂုဏာစာရထံမှ ကိုးပါးသီလခံယူဆောက်တည်ခြင်း၊ ဆရာတော်များထံမှ မေတ္တသုတ် ပရိတ်တရားတော်များ နာယူကြည်ညိုခဲ့ကြသည်။

ဆက်လက်၍ ရမည်းသင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးနှင့် အဖွဲ့ဝင်များ၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)သောင်းအေးနှင့် ဘုရားဒါယကာ၊ ဒါယိကာမများမှ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံအဆင့်များ၊ အရန်စေတီရွှေထီးတော် ဘုံအဆင့်များအား သံဃာတော်များထံဆက်ကပ်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခြင်း၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တဂုဏာစာရထံမှ အနုမောဒနာတရားများ နာကြားပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ထို့နောက် ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ ဘုရားဂေါပကအဖွဲ့များက မင်းစုမင်းခစေတီတော်အား ပန်းရထားဖြင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား ထီးတော်တင်လှူဒါန်းပြီး ရတနာရွှေမိုး၊ ငွေမိုး ရွာသွန်းကာ သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားပြုလုပ်ပြီး ထီးတော်တင်လှူပွဲပြီးမြောက်အောင်မြင်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**

*-*-*-*-*-*-*



# မုံရွာမြို့၊ ရွှေစည်းခုံစေတီတော်ကြီး သာစုဇနရမ္မဏီယ အာရုံခံတော်ကြီး အကြီးစားပြုပြင်မှု မကြာမီပြီးစီးတော့မည်

**မုံရွာ မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ရွှေစည်းခုံစေတီတော်ကြီး တောင်ဘက်ကပ်လျက်တွင် တည်ရှိသော သာစုဇနရမ္မဏီယ အာရုံခံတော်ကြီးကို အကြီးစားပြုပြင်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည် ဖြစ်သည်။

အာရုံခံတော်ကြီးသည် အလျား ၄၈ ပေ၊ အနံ ၄၅ ပေ ရှိပြီး မျက်နှာကြက်ကို မြန်မာ့ရိုးရာ သစ်သားဖောင်းကြွ ရွှေကနုတ်ပန်းအလှများ၊ ပန်းကြွ၊ ပန်းအလှတိုင်လုံးကြီးများ၊ ကနုတ်ပန်းကြွတံကဲများ၊ စုလစ်မွန်းချွန်၊ ပန်းတောင်၊ ပန်းဆွဲများဖြင့် အလှဆင်ထားသည်။

"၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခဲ့တဲ့ ငလျင်ပြင်းကြောင့် အာရုံခံကြီးအပြင်ဘက် အပေါ်ပိုင်းတွေ ကွာကျ၊ ပြိုပျက်၊ အက်ကွဲတာတွေ ဖြစ်ခဲ့တယ်။ ဧပြီလမှာပဲ ပြန်လည်ပြုပြင်မွမ်းမံတဲ့ လုပ်ငန်းတွေ စတင်ဆောင်ရွက်ခဲ့တယ်။ အခုလုပ်နေတာ တစ်နှစ်ပြည့်တော့မယ်။ လုပ်ငန်းကြားကာလမှာ အလုပ်သမား အခက်အခဲကြောင့် တည်ဆောက်ချိန်ကြာမြင့်ခဲ့ရတယ်။ အခုတော့ အလုပ်သမားတွေ အလုပ်ပြန်ဝင်နေကြပါပြီ။ လာမယ့် ဧပြီ၊ မေလလောက်ဆို လုပ်ငန်းအားလုံး ပြီးလောက်ပါတယ်" ဟု ဂေါပကအဖွဲ့ဝင် ဦးအောင်သန်းက ပြောသည်။

အာရုံခံကြီး၏ မူလကုသိုလ်ရှင်သည် ကလေးဝမြို့နေ ဦးချမ်းသာ+ဒေါ်နီမိသားစုဖြစ်ပြီး အာရုံခံကြီးရှေ့မျက်နှာစာ ကျွန်းပြာသာဒ်ကြီးကို ပွဲစားကြီးဦးရွှေဒေါင်+ဒေါ်သိန်းတို့က ဆောက်လုပ်လှူဒါန်းခဲ့ပြီး သပ္ပာယ်ကြည်ညိုဖွယ် ဗုဒ္ဓရုပ်ပွားတော် ငါးဆူရှိသည်။ ၁၉၈၈ ခုနှစ်တွင် မုံရွာမြို့၊ ဘုရားကြီးရပ်၊ ပေါက်ပေါက်တန်းလမ်းနေ ဦးရွှေဒေါင်+ဒေါ်သိန်းတို့၏သား ဦးသန်းညွန့်(လူမှုထူးချွန်)+ ဒေါ်ဟန်တင်(ရွှေ-ပွဲရုံ မိသားစု)က အသစ်ထပ်မံပြုပြင်တိုးချဲ့ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် ရေစက်သွန်းချလှူဒါန်းခဲ့သည်။ အာရုံခံတော်ကြီးအတွင်း သံဃာတော်များကို အရုဏ်ဆွမ်း ဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကုသိုလ်ပြုကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၉၄)

# ပါဠိပထမပြန်စာမေးပွဲ ဒုတိယအကြိမ်မြောက် စာအောင်ဆုနှင်းသဘင် အခမ်းအနား ကျင်းပ

**မန္တလေး မတ် ၁၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်၊ လိုရာပြည့်စုံရန်မျိုးလုံ ပေါ်တော်မူမြတ်စွာဘုရားငါးဆူတွင် ပါဠိပထမပြန်စာမေးပွဲ၊ ဒုတိယအကြိမ်မြောက် စာအောင်ဆုနှင်းသဘင်ကို မတ် ၆ ရက် ညနေပိုင်းက ကျင်းပခဲ့ရာ တိုင်းသံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသနှင့် ပင့်သံဃာ ၂၁ ပါး၊ စာအောင်သံဃာ ၄၆၂ ပါး၊ စုစုပေါင်း ၄၈၃ ပါး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ (၁၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ အလှူရှင်များ၊ စုစုပေါင်း ၁၀၀၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။



အဆိုပါ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး စိန်ပန်းကျောင်းသစ်ဆရာတော် ဘဒ္ဒန္တဝိဇယက ငါးပါးသီလပေးခဲ့ပြီး ကြွရောက်တော်မူသော သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်ခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထား၍ လှူဖွယ်ဝတ္ထုများ လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပထမလတ်တန်းတွင် တစ်နိုင်ငံလုံး ပထမရရှိသော မစိုးရိမ်တိုက်သစ်မှ အရှင်ကောဝိဒနှင့် အခြေပြုမူလတန်းတွင် တစ်နိုင်ငံလုံး တတိယရရှိသော အရှင်ဣန္ဒကတို့အား မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက အောင်လက်မှတ်ဆက်ကပ်၍ ဓမ္မာရုံကျောင်းဆရာတော် တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌဆရာတော်က ရေစက်ချ အမျှအတန်းပေးဝေခဲ့ပြီး တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌဆရာတော်က ပထမကြီးတန်းစာအောင်သံဃာ ၁၅ ပါးအား အောင်လက်မှတ်ဆက်ကပ်ခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မဟာအောင်မြေမြို့နယ် (၁၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် အလှူရှင်များက ကြွရောက်တော်မူသော သံဃာတော်များ၊ စာအောင်သံဃာများအား လှူဖွယ်ဝတ္ထုများနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၅၆)



# ရွှေဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာ ရွှေအင်းတောင်စေတီမြတ်ကြီး၏ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ကျင်းပ

**တောင်တွင်းကြီး မတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့ ဂုဏ်ဆောင် ရွှေဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာ ရွှေအင်းတောင်စေတီမြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဖွင့်ပွဲအထိမ်းအမှတ် အသံမစဲမဟာ ပဋ္ဌာန်းကျမ်း ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲကို မတ် ၉ ရက် နံနက် ၉ နာရီခွဲက ဇေယျဝဓနဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်၊ သာယာအေးကျောင်းတိုက်ကြီး၏ ပဓာန နာယက၊ မဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တစာရိတဆရာတော်ထံမှ ငါးပါးသီလခံယူပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူခြင်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး သံဃာ့ဝန်ဆောင်ဆရာတော်၊ ကန်တော်မင်းကျောင်းတိုက်ကြီး၏ ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ၊ ဂန္ထဝါစပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှအတန်းပေးဝေခဲ့ပြီး တောရစွယ်တော် ဆရာတော်က နတ်၊ ဗြဟ္မာများအား ပြန်လည်ပို့ဆောင်ခြင်း ရွတ်ဖတ်ပူဇော်ခဲ့ကာ ဘုရားကန်တော့၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင်(ဗိဿနိုးမြေ)**

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း



**မန္တလေး မတ် ၁၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၃လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြားနေ ကွယ်လွန်သူ နှစ်ဖက်မိဘများ အမှူးထား၍ ဦးအောင်ဆွေ+ဒေါ်စုစုမာ မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းတိတိအား လှူဒါန်းသည်။ လှူဒါန်းမှုအတွက်ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဆေးရုံအုပ်ဒေါက်တာ ဦးတင်ဝင်းက လက်ခံရယူပြီး မည်သူမဆို မိမိစေတနာအလျောက် လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂ ၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ) (ကဆ)

❖ ယနေ့ ကျောင်းစာသင်ခန်းတွင်ရှိနေသည့် ကလေးတိုင်းသည် မြန်မာနိုင်ငံ၏ အနာဂတ်ကို ပခုံးပြောင်းပုံဖော်မည့် အသိပညာရှင်၊ အတတ်ပညာရှင်အဖြစ် မှတ်ယူပြီး ပညာရေးကို မြှင့်တင်ပေးကြရန် မှာကြားလို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာခြင်း

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့်အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် လုပ်ငန်းသုံးယာဉ်များနှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်း ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများနှင့် လုပ်ငန်းခွင်များတွင် တရားမဝင်အသုံးပြုနေသည်ကိုတွေ့ရှိရပါသည်။ အဆိုပါ မော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသော ယာဉ်များသည် ၃၀-၄-၂၀၂၆ ရက်နေ့နောက်ဆုံးထား၍ လည်းကောင်း၊ ၂၀၁၉ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင် ထုတ်ပေးထားသောယာဉ်များသည် ၃၁-၅-၂၀၂၆ ရက်နေ့နောက်ဆုံးထား၍ လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၆-၂၀၂၆ ရက်နေ့နောက်ဆုံးထား၍ လည်းကောင်း ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများ ပြီးပြတ်အောင် ဆောင်ရွက်ကြရန်၊ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီ ဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၇၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ရှစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့ပြီး တရုတ်နိုင်ငံသား ၂၅ ဦးအား အပြစ်ပေးအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၁၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၅၅ ဦး၊ ကင်ညာနိုင်ငံသား ငါးဦး၊ ဆီးရီးယားလီယွန် နိုင်ငံသား လေးဦး၊ နီပေါနိုင်ငံသား သုံးဦး၊ ရဝမ်ဒါနိုင်ငံသား နှစ်ဦး၊ ဘူရွန်ဒီနိုင်ငံသား နှစ်ဦး၊ ကွန်ဂိုနိုင်ငံသား တစ်ဦးနှင့် လိုက်ဘေးရီးယားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၇၃ ဦးတို့အား

စာမျက်နှာ ၇ သို့ ❖



### အင်္ဂလိပ်အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များထွက်ပေါ်

လန်ဒန် မတ် ၁၀

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

အင်္ဂလိပ်အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်တွင် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်း၊ ဝက်စ်ဟမ်းအသင်းနှင့် လီဒ်စ်အသင်း၊ ဆောက်သမ်တန်အသင်းနှင့် အာဆင်နယ်အသင်း၊ ချဲလ်ဆီးအသင်းနှင့် ပို့တ်ဗေးအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များကို ဧပြီလ ၄ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

## ရတနာပုံအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ရမှတ်ပြည့်ယူခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်း

ရန်ကုန် မတ် ၁၀

၂၀၂၅-၂၀၂၆ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ (week-21)ပွဲစဉ် တစ်ပွဲဖြစ်သည့် ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ပွဲစဉ်ကို ယနေ့ညနေက သီဟဒီပကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး၊ နှစ်ဂိုးဖြင့် ရတနာပုံအသင်းကို အနိုင်ရရှိခဲ့သည်။

ရန်ကုန်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲစပြီး စက္ကန့်ပိုင်းအတွင်းရရှိခဲ့ပြီး ဒေးဗစ်ထန်း၏ ပေးပို့မှုဖြင့် ကောင်းစည်သူက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၃ မိနစ်တွင် ကောင်းထက်ပိုင် ဘောလုံးယှဉ်လုရာမှ ဒဏ်ရာရရှိခဲ့သောကြောင့် အီဇိုး ဝင်ရောက်ကစားခဲ့သည်။ ရတနာပုံအသင်းအတွက် ချေပဂိုးကို နေဦးလွင်က ပထမပိုင်းအပြီး အချိန်ပို ၅ မိနစ်တွင် သွင်းယူပေးခဲ့ရာ တစ်ဖက်တစ်ဂိုးစီနှင့် သရေရလဒ်ထွက်ပေါ်နေခဲ့သည်။

ဒုတိယပိုင်းစပြီးနောက် မိနစ် ၆၀တွင် ကောင်းစည်သူနှင့် ဟားမားတို့အစား ဘလာမိုဝီးနှင့် ချစ်အေးတို့ဝင်ရောက်ကစားခဲ့သည်။ ၆၃ မိနစ်တွင် ရတနာပုံအသင်းမှ ပြည်မိုး တိုက်စစ်ဆင်ကစားလာခဲ့ပြီး ဂိုးကန်သွင်းရန်ကြိုးစားမှုကို ရန်ကုန်နောက်တန်းဟန့်တားခဲ့ရာမှ လက်ထိသွားသဖြင့် ရတနာပုံအသင်း ပင်နယ်တီ ရရှိခဲ့သည်။ ထိုပင်နယ်တီကို ပြည်မိုးက သွင်းယူပေးခဲ့ပြီး ရတနာပုံအသင်းက နှစ်ဂိုး၊ ၁ ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။

ပွဲချိန် ၈၇ မိနစ်တွင် ချစ်အေးဘယ်ခြမ်းမှ ဂိုးရှေ့ကန်တင်ပေးမှုကို ဘလာမို သွင်းယူခဲ့သော်လည်း လူကျွံဖြစ်နေသဖြင့် ဂိုးရခွင့်နစ်နာခဲ့သည်။ ပွဲချိန် မိနစ် ၉၀ တွင် မောင်မောင်လွင် ပြစ်ဒဏ်ဘောကန်တင်ရာမှ တိုင်ထိ ပြန်ထွက်လာသည့်ဘောလုံးကို မျိုးဆက်ပိုင်က ပိတ်သွင်းယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးကို ဘလာမိုက မိနစ် ၉၀ အပြီး အချိန်ပို ၄ မိနစ်တွင် ဒေးဗစ်ထန်း၏ ခေါင်းတိုက်ပြီးဂိုးရှေ့ချပေးမှုကို ဘလာမိုက သွင်းယူပေးခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရတနာပုံအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

(NGB)

